# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဧပြီလ ၁၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၈၃)၊ ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်၊ ၈-၆-၂၀၂၅၊ တနင်္ဂနွေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မိမိတို့နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုနက်ရှိုင်းစေရေးနှင့် နောင်လာမည့် ဆယ်စုနှစ်များစွာအထိ ကြံ့ကြံ့ခိုင်မာပြီး အပြန်အလှန်အကျိုးရှိမည့် မိတ်ဖက်ဆက်ဆံရေး ကဏ္ဍသစ်ကို ဖော်ထုတ်နိုင်ရေးအတွက် အဆွေတော်နှင့်အတူ ဆက်လက်၍ အနီးကပ်ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်**

## မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးစတင်ထူထောင်ခဲ့ချိန်မှစ၍ (၇၅)နှစ်တာကာလအတွင်း နှစ်နိုင်ငံအကြားရှိ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးသည် စိန်ခေါ်မှုများကြားမှပင် ပိုမိုရှင်သန်ခိုင်မာလာခဲ့

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်**

၂၀၂၅ ခုနှစ် ဇွန်လ ၈ ရက်တွင် ကျရောက်သည့် မြန်မာ-တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် အထိမ်းအမှတ်အခါသမယတွင် နှစ်နိုင်ငံနိုင်ငံတော်အကြီးအကဲများအကြား သဝဏ်လွှာများ အပြန်အလှန်ပေးပို့ခဲ့ကြပါသည်။ အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်ထံ ပေးပို့သည့် သဝဏ်လွှာ

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၈ ရက်

အဆွေတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်မှု(၇၅)နှစ်ပြည့်မြောက်သည့်အခါသမယတွင် မြန်မာပြည်သူများ ကိုယ်စားသော်လည်းကောင်း၊ မိမိအနေဖြင့်သော်လည်းကောင်း ဝမ်းမြောက်ဂုဏ်ယူစွာ နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

လွန်ခဲ့သည့်(၇၅)နှစ်တာကာလအတွင်း မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ဆက်ဆံရေးမှာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံပြည်သူများအကြား ရင်းနှီးခင်မင်မှုတို့ဖြင့် ထူးခြားသည့် သွင်ပြင်လက္ခဏာရှိခဲ့ပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

### တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင် ထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ပေးပို့သည့် သဝဏ်လွှာ

ပေကျင်းမြို့၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၈ ရက်

အဆွေတော် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်

အဆွေတော်ခင်ဗျား

မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် အထိမ်းအမှတ်အခါသမယတွင် တရုတ်နိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများထံသို့ မိမိအနေဖြင့် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားလိုပါသည်။

**စာမျက်နှာ ၃ သို့** ◆

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇွန် ၇

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့တွင် မိုးပိုလာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မိုး/ဇလ**

၂၀၂၅ ခုနှစ်၊ ဇွန် ၈ ရက်၊ တနင်္ဂနွေနေ့။

# သစ်ပင်များ စိုက်ပျိုးခြင်းက သဘာဝပတ်ဝန်းကျင် ကောင်းမွန်မှုကို ထိန်းသိမ်းရန်ဖြစ်

သစ်ပင်များ စိုက်ပျိုးခြင်းသည် သဘာဝပတ်ဝန်းကျင် ကောင်းမွန်မှုကို ထိန်းသိမ်းရန်အတွက် စိုက်ပျိုးကြခြင်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ်မိုးရာသီတစ်အုပ်တစ်မ သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဇွန် ၆ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ပထမအကြိမ်မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းဆည်အနီး၌ ကျင်းပပြုလုပ်ခဲ့သည်။ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် အရိပ်အာဝါသ ကောင်းမွန်ပြီး စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကို လူတိုင်းကြိုက်နှစ်သက်ကြကြောင်း၊ သဘာဝကပေးထားသည့် စိမ်းလန်းစိုပြည်မှုများ လူများကြောင့် ထိခိုက်လျော့နည်းလာမှုကို လူများကပင် ပြန်လည်ထိန်းသိမ်းဖန်တီးပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် သစ်ပင်စိုက်ပျိုးပွဲများကျင်းပ၍ သစ်ပင်များ စိုက်ပျိုးပေးကြခြင်းဖြစ်ပြီး တိုင်းစစ်ဌာနချုပ်အသီးသီး၌လည်း သစ်ပင်စိုက်ပျိုးပွဲများကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းကျင်းပ၍ သစ်ပင်များ စုပေါင်းစိုက်ပျိုးလျက်ရှိကြောင်း။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများအနေဖြင့် ရေဆင်းဆည်ပတ်ဝန်းကျင်၌ ၂၀၁၁ ခုနှစ်မှစတင်၍ သစ်ပင်စိုက်ပျိုးမှုများ ဆောင်ရွက်ခဲ့ပြီး စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့မှုမှာ(၄၁)ကြိမ်ရှိခဲ့ပြီဖြစ်ကြောင်း၊ တစ်ပင်စိုက် တစ်ပင်ရှင်စနစ်ဖြင့် မိမိတို့စိုက်ပျိုးသည့် သစ်ပင်များ ရှင်သန်ဖြစ်ထွန်းအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ "အစကောင်းမှ အနှောင်းသေချာ"ဆိုသည့်အတိုင်း အစကောင်းအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် သစ်တောဖုံးလွှမ်းမှုမှာ ၄၂ ဒသမ ၆ ရာခိုင်နှုန်းခန့်သာရှိတော့ကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်ချိန်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုလုပ်ငန်းများကို ပိုမိုအလေးထားဆောင်ရွက်ခဲ့ကြောင်း၊ ရေဝေရေလဲတောများရှိပါက ရေထိန်းသိမ်းမှုများကို ပိုမိုဆောင်ရွက်နိုင်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ အလားတူ "သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားခိုနိုင်သည်"ဟု ဆိုရိုးရှိကြောင်း၊ ထို့ကြောင့် သစ်ပင်စိုက်ပျိုးမှုများကို အကျိုးရှိစွာဖြင့် ဆောင်ရွက်ကြစေလိုကြောင်း။

ပြီးခဲ့သည့်နှစ်အတွင်း မိမိတို့နိုင်ငံအတွင်း မုန်တိုင်းမိုးကြောင့် ရေကြီးရေလျှံမှုများကို ခါးသီးစွာခံစားခဲ့ရကြောင်း၊ အလားတူ ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့်လည်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်စိုက်ပျိုးပွဲတော် စုစုပေါင်း(၄၂)ကြိမ် ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၀၃၆၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများမှာ လူများကြောင့် ပျက်စီးမှုများရှိသကဲ့သို့ သဘာဝတရားကြီး၏ Climate Change ပြောင်းလဲမှုများကြောင့် ထိခိုက်မှုများလည်း ရှိသည်။

ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ ၈၂လမ်း၊ ၄၂လမ်းနှင့် ၄၃လမ်းကြားတွင်လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ၁၁၈လမ်း၊ ၄၆လမ်းနှင့် ၄၇လမ်းကြားတို့တွင် ရောင်းချပေးခဲ့သည်။ **(အပေါ်ပုံ)**

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဇွန် ၉ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အကွက်(၁၃)ဒေါနဘွားရပ်ကွက်၊ အုတ်စက်မွှာရုံဝင်း၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(ဘဘ-၁၉)၊ ၄၅လမ်းနှင့် ၁၁၄လမ်းထောင့်၊ အောင်သာယာရပ်ကွက်တို့တွင် လည်းကောင်း၊ ဇွန် ၁၀ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ ၇၇လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၇၂လမ်းနှင့် မင်္ဂလာပန်းခြံလမ်းထောင့်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့တို့တွင်လည်းကောင်း၊ ဇွန် ၁၁ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၅၈လမ်း၊ ၃၈လမ်းနှင့် ၃၉လမ်းကြား၊ အမရပူရမြို့နယ်၊ ကျန်တန်းရပ်ကွက်၊ ပွဲတော်ရပ်၊ ရွာလယ်လမ်းဆုံ၊ ပွဲတော်ဘုန်းကြီးကျောင်းအနီးတို့တွင်လည်းကောင်း၊ ဇွန် ၁၂ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ အကွက်(ဖဖ-ဝ)၊ ၅၄လမ်း၊ ၁၁၀လမ်းနှင့် ၁၁၁လမ်းကြား၊ ထွန်းတုံးရပ်ကွက်တွင်လည်းကောင်း၊ ဇွန် ၁၃ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ ၁၁၈လမ်း၊ ၇၂လမ်းနှင့် ၇၃လမ်းကြားတို့တွင်လည်းကောင်း၊ ဇွန် ၁၄ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ၃၆လမ်းနှင့် ၆၉လမ်းထောင့် ဝန်ထမ်းအိမ်ရာအနီး၊ အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ လေးစုမွှာရုံ၊ အ·ထ·က(၁)အနောက်ဘက်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၆)**



## စာပတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောခြင်းနှင့် နံရံကပ်စာစောင်ပြသခြင်းများ ကွင်းဆင်းဆောင်ရွက်

**တောင်တွင်းကြီး ဇွန် ၇**

ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတ တိုးပွားစေရန်၊ စာပေလေ့လာဖတ်ရှုခြင်းဖြင့် ကျောင်းသင်ခန်းစာများအား အထောက်အပံ့ဖြစ်စေရန်၊ ဗလငါးတန်နှင့် ပြည်စုံသည့် လူငယ်လူရွယ်များပေါ်ထွန်းလာစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း မြတ်ပညာခန်းမတွင် ယမန်နေ့နံနက် ၁၁ နာရီက ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသားလူငယ်များ ရည်မှန်းချက်ထားကြိုးစားရန်၊ ကျောင်းသင်ခန်းစာများကို အထောက်အကူဖြစ်စေမည့် စာအုပ်စာပေများကိုလည်း လေ့လာဖတ်ရှုမှတ်သားရန်နှင့် စာပေလေ့လာဖတ်ရှုခြင်း၏အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာဗဟုသုတကြွယ်ဝဖို့ စာပေလေ့လာဖတ်ရှုစို့ အသိပညာပေး နံရံကပ်စာစောင်၊ စာပေပညာရှင်များ၏ စာပေဆိုင်ရာအဆိုအမိန့်များ၊ မြို့နယ်ပြည်သူ့စာကြည့်တိုက် အသိပညာပေးဆောင်ရွက်မှုမှတ်တမ်းများအား စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**နောင်နောင်(မိုးသနိုးမြေ)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

*❖ ရှေ့ဖုံးမှ*

ယင်းသို့သော ချစ်ကြည်ရင်းနှီးမှုများမှာ နှစ်ဖက်အစိုးရများ အဆက်ဆက်၏ပြုစုပျိုးထောင်မှုဖြင့် တစ်ဆထက်တစ်ဆ ပိုမိုဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးအဆင့်ထိ တိုးမြှင့်နိုင်ခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ်အတွင်း မြန်မာနိုင်ငံသို့လာရောက်ခဲ့သည့် အဆွေတော်၏ခရီးစဉ်က မိမိတို့နှစ်နိုင်ငံဆက်ဆံရေးစာမျက်နှာသစ်ကို ဖွင့်လှစ်နိုင်ခဲ့ပြီး ခရီးစဉ်အတွင်းသာတူညီမျှမှု၊ အပြန်အလှန်လေးစားမှုနှင့် ယုံကြည်မှုတို့အပေါ်အခြေခံသော အေးအတူပူအမျှ တူညီသောအနာဂတ်ကို မျှဝေပိုင်ဆိုင်သည့် မြန်မာ-တရုတ်အသိုက်အဝန်းကို ထူထောင်ရန်သဘောတူညီခဲ့ကြပါသည်။

နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများမှာ ပိုမိုတိုးတက်များပြားလျက်ရှိပြီး အထူးသဖြင့် ရပ်ဝန်းနှင့်ပိုးလမ်းမ စီမံကိန်းအောက်ရှိ တရုတ် - မြန်မာစီးပွားရေးစင်္ကြံမဟာဗျူဟာမြောက်စီမံကိန်းများကို နှစ်နိုင်ငံနှင့်ပြည်သူများအကျိုးအတွက် အကောင်အထည်ဖော်လျက်ရှိမှုက များစွာကျေနပ်အားရဖွယ်ဖြစ်ပါသည်။

မကြာသေးမီက မိမိတို့မော်စကိုမြို့၌တွေ့ဆုံစဉ် အထူးသဖြင့် နိုင်ငံတကာနှင့် ဒေသတွင်း မျက်နှာစာများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်၊ နယ်စပ်ဒေသတည်ငြိမ်ရေးနှင့် လုံခြုံရေးနှင့် စွမ်းအင်ကဏ္ဍများတွင် မဟာဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်ရေးအတွက် တူညီသည့်ဘုံသန္နိဋ္ဌာန်ကို ထပ်လောင်းအတည်ပြုနိုင်ခဲ့မှုကို ဝမ်းမြောက်စွာအမှတ်ရမိပါသည်။

မိမိအနေဖြင့် ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် ကူမင်းမြို့၌ကျင်းပခဲ့သည့် မဟာမဲခေါင်ဒေသတွင်း ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ခြင်းက စွမ်းအင်၊ စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ပြည်သူ့ကျန်းမာရေးအစရှိသည့် အဓိကကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်မည့် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ခဲ့ပါသည်။ ထိပ်သီးအစည်းအဝေးကာလအတွင်း ဒေသနှင့် ကမ္ဘာတစ်ဝှမ်းတည်ငြိမ်ရေးနှင့် လုံခြုံရေးကိုခြိမ်းခြောက်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုများကို အတူတကွ ပူးပေါင်းတိုက်ဖျက်မှုများကို အရှိန်အဟုန်မြှင့်တင်ရေးအတွက် ကတိကဝတ်ပြုခဲ့ကြပါသည်။

အခွင့်အခါကြုံခိုက် မကြာသေးမီက မြန်မာနိုင်ငံတွင် ငလျင်လှုပ်ခတ်မှုအပြီး လူသားချင်းစာနာထောက်ထားသည့် အကူအညီများကို အချိန်နှင့်တစ်ပြေးညီပေးအပ်ခဲ့ခြင်းအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့်ပြည်သူများကို လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။ ယင်းသို့ကူညီရိုင်းပင်းမှုများက ဘေးဒုက္ခကြုံတွေ့ရချိန်တွင် မိမိတို့နှစ်နိုင်ငံအကြားရှိ ထူးကဲသည့် ချစ်ကြည်ရင်းနှီးမှုနှင့် စာနာနားလည်မှုတို့ကို ပြသလျက်ရှိခြင်းပင်ဖြစ်ပါသည်။

ယခုကဲ့သို့ မင်္ဂလာရှိသည့်အခါသမယတွင် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုရရှိစေရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ မြန်မာနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို တရုတ်နိုင်ငံက အခိုင်အမာထောက်ခံ ပံ့ပိုးပေးသည့်အတွက် လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။

မိမိတို့နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုနက်ရှိုင်းစေရေးနှင့် နောင်လာမည့် ဆယ်စုနှစ်များစွာအထိ ကြံ့ကြံ့ခိုင်မာပြီး အပြန်အလှန်အကျိုးရှိမည့် မိတ်ဖက်ဆက်ဆံရေးကဏ္ဍသစ်ကို ဖော်ထုတ်နိုင်ရေးအတွက် အဆွေတော်နှင့်အတူ ဆက်လက်၍ အနီးကပ်ပူးပေါင်းဆောင်ရွက်သွားရန် မျှော်လင့်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်းနှင့် အဆွေတော်ကျန်းမာသုခပြည့်စုံ၍ တရုတ်နိုင်ငံမှ ပြည်သူများအနေဖြင့် ဆက်လက်၍ ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

မစ္စတာရှီကျင့်ဖျင်
သမ္မတ
တရုတ်ပြည်သူ့သမ္မတနိုင်ငံ
ပေကျင်းမြို့

---

*◆ ရှေ့ဖုံးမှ*

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့ချိန်မှစ၍ (၇၅) နှစ်တာကာလအတွင်း နှစ်နိုင်ငံအကြားရှိ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးသည် စိန်ခေါ်မှုများကြားမှပင် ပိုမိုရှင်သန်ခိုင်မာလာခဲ့ပါသည်။ နှစ်နိုင်ငံလုံးမှ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ရပ်နှင့် ဘန်ဒေါင်းစိတ်ဓာတ်တို့ကို လိုက်နာကျင့်သုံးလျက်ရှိပြီး အိမ်နီးချင်းကောင်း မိတ်ဖက်ဆက်ဆံရေးကို စိတ်ဓာတ်ဖြင့် နှစ်ဖက်အကြား အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစေလျက် မိမိတို့နှစ်နိုင်ငံအတွက် အဓိကအရေးပါသည့် အကျိုးစီးပွားနှင့် ဘုံအရေးပါသည့် ကိစ္စရပ်များတွင် နှစ်ဖက်အကြားအပြန်အလှန်ခိုင်မာစွာ ထောက်ခံရပ်တည်ပေးလျက်ရှိခြင်းတို့သည် ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေး၏ ကောင်းမွန်သည့် သာဓကအဖြစ်ရှိနေပါသည်။

ပြီးခဲ့သည့်မေလက အဆွေတော်နှင့် ရုရှားနိုင်ငံ၌တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား အေးအတူပူအမျှ အသိုက်အဝန်းမြှင့်တင်ထူထောင်ခြင်းနှင့်ပတ်သက်၍ အရေးကြီးသည့် သဘောတူညီချက်များရရှိခဲ့ပါသည်။ တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုက တရုတ်နိုင်ငံအတွက် အရေးကြီးသည့်ကဏ္ဍတွင် ပါဝင်လျက်ရှိပါသည်။ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်မြောက်အခါသမယတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်အတူရပ်ဝန်းနှင့် ပိုးလမ်းမပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရန်၊ ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုစီမံချက်၊ ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးစီမံချက်၊ ကမ္ဘာလုံးဆိုင်ရာ လူသားယဉ်ကျေးမှုစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊ တရုတ် - မြန်မာ အေးအတူပူအမျှအသိုက်အဝန်း တည်ထောင်ဆောင်ရွက်ရန်၊ နှစ်နိုင်ငံပြည်သူများအတွက် ပိုမိုကောင်းမွန်သည့်အကျိုးစီးပွားများကို အတူတကွဆောင်ကြဉ်းရန် အသင့်ရှိပါကြောင်းကို ပြောကြားလိုပါသည်။

မြန်မာနိုင်ငံနှင့် ပြည်သူပြည်သားများအားလုံး ကျန်းမာရွှင်လန်း၍ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ရှီကျင့်ဖျင်
တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတ

---

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီချန်းထံ ပေးပို့သည့် သဝဏ်လွှာ

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၈ ရက်

အဆွေတော်ခင်ဗျား

၂၀၂၅ ခုနှစ်၊ ဇွန်လ ၈ ရက်တွင်ကျရောက်သော မိမိတို့နှစ်နိုင်ငံရဲ့ သံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်ပြည့်မြောက်သည့် မင်္ဂလာအခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် မိမိအနေဖြင့် အဆွေတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရထံသို့ ဂုဏ်ယူဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

၁၉၅၀ ပြည့်နှစ်၊ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်ခဲ့ချိန်မှစ၍ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ချက်နှင့်အညီ ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းနိုင်ငံများအဖြစ် အတူယှဉ်တွဲနေထိုင်လျက်ရှိကြပါသည်။ လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း မိမိတို့၏ နှစ်နိုင်ငံဆက်ဆံရေးမှာ တဖြည်းဖြည်းပိုမိုနက်ရှိုင်းလာခဲ့ပြီး ရှိရင်းစွဲဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုမှသည် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးအဆင့်ကို မြှင့်တင်ခဲ့ကြပြီး အေးအတူပူအမျှအနာဂတ်ကို မျှဝေပိုင်ဆိုင်သည့် နှစ်နိုင်ငံအသိုက်အဝန်းထူထောင်ရေး တူညီသည့်ကတိကဝတ်ကို ထားရှိနိုင်ခဲ့ကြပါသည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အကြီးဆုံးကုန်သွယ်ဖက်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအကူအညီ၏ အဓိကအရင်းအမြစ်ဖြစ်ပြီး မြန်မာနိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အရေးကြီးသည့်အခန်းကဏ္ဍမှ ပံ့ပိုးပေးလျက်ရှိပါသည်။ တစ်ချိန်တည်းမှာပင် မိမိတို့နှစ်နိုင်ငံအကြားရှိ ထူးကဲသည့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုမှာလည်း နှစ်နိုင်ငံပြည်သူများအကြား ကဏ္ဍစုံကူးလူးဆက်ဆံမှုများဖြင့် ဆက်လက်တိုးပွားလျက်ရှိပါသည်။ ညီအစ်မမြို့တော်များနှင့် ချစ်ကြည်ရေးမြို့တော်မိတ်ဖက် ထူထောင်မှုအရေအတွက် များပြားလာခြင်းကလည်း မိမိတို့နှစ်နိုင်ငံပြည်သူများအကြား အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုနက်ရှိုင်းလာလျက်ရှိသည်ကို ထင်ဟပ်ပြသလျက်ရှိပါသည်။

ပြီးခဲ့သည့်နှစ်အတွင်း ကူမင်းမြို့၌ကျင်းပခဲ့သည့် မဟာမဲခေါင်ဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးကာလအတွင်း အဆွေတော်နှင့်တွေ့ဆုံစဉ် စွမ်းအင်၊ စိုက်ပျိုးရေး၊ ပို့ဆောင်ရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် ပိုမိုနက်ရှိုင်းစွာပူးပေါင်းဆောင်ရွက်နိုင်ရေး အခွင့်အလမ်းသစ်များနှင့်ပတ်သက်၍ဆွေးနွေးနိုင်ခဲ့မှုအပေါ် ဝမ်းမြောက်စွာအမှတ်ရမိပါသည်။ အထူးသဖြင့် ဒေသတွင်းနှင့် ကမ္ဘာ့လုံခြုံရေးအပေါ် ခြိမ်းခြောက်လျက်ရှိသော အွန်လိုင်းလိမ်လည်မှုများကို အတူတကွတိုက်ဖျက်ရာတွင် ပူးပေါင်းဆောင်ရွက်မှုအရှိန်အဟုန်ကိုမြှင့်တင်ရန် တူညီသည့်ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခဲ့မှုအတွက် များစွာနှစ်ထောင်းအားရဖြစ်မိပါသည်။

အခွင့်ကြုံခိုက် မကြာသေးမီကလှုပ်ခတ်ခဲ့သော မန္တလေးငလျင်အတွက် စေတနာသဒ္ဓါတရားထက်သန်စွာ အချိန်နှင့်တစ်ပြေးညီ ကူညီပံ့ပိုးမှုများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရအား အထူးကျေးဇူးတင်ရှိပါသည်။ ယင်းသို့ စာနာထောက်ထားမှုဖြင့် ကူညီဖေးမမှုများက နှစ်ကာလရှည်ကြာစွာရှိခဲ့သည့် နှစ်နိုင်ငံဆက်ဆံရေး၏ကျောရိုးဖြစ်သည့် စည်းလုံးညီညွတ်မှုနှင့် ချစ်ကြည်ရင်းနှီးမှုစိတ်ရင်းအမှန်ကို ထင်ဟပ်လျက်ရှိပါသည်။

ထို့အပြင် မြန်မာနိုင်ငံက အကောင်အထည်ဖော်လျက်ရှိသည့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးနှင့်လုံခြုံရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့တွင် တရုတ်နိုင်ငံက အခိုင်အမာပံ့ပိုးပေးလျက်ရှိသည့်အတွက်လည်း များစွာကျေးဇူးတင်ရှိပါသည်။

ရှေ့ဆက်၍လည်း မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုပိုမိုခိုင်မာ၍ အပြန်အလှန်အကျိုးရှိသည့်ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးတက်များပြားလာကာ မိမိတို့၏နှစ်နိုင်ငံ၏ မျိုးဆက်သစ်များအတွက် တူညီသည့်သာယာဝပြောမှုများကို ဆောင်ကြဉ်းပေးနိုင်လိမ့်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်း၍ အောင်မြင်မှုများဆက်လက်ရရှိပါစေကြောင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစဉ်ထာဝရငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

အဆွေတော် မစ္စတာလီချန်း
ဝန်ကြီးချုပ်
တရုတ်ပြည်သူ့သမ္မတနိုင်ငံ
ပေကျင်းမြို့

စာမျက်နှာ ၄ သို့

စာမျက်နှာ ၃ မှ

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီချန်း ထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ပေးပို့သည့် သဝဏ်လွှာ

ပေကျင်းမြို့၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၈ ရက်

အဆွေတော် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်
အဆွေတော်ခင်ဗျား

မြန်မာ - တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက်အထိမ်းအမှတ်အခါသမယတွင် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံသည် တောတောင်ရေမြေများ ဆက်စပ်လျက်ရှိပြီး ရှေးပဝေသဏီကတည်းကပင် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးသမိုင်းကြောင်းရှိခဲ့ပါသည်။ မြန်မာ - တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့ချိန်မှစ၍ (၇၅)နှစ်တာကာလအတွင်း မိမိတို့နှစ်နိုင်ငံအတူတကွကြိုးပမ်းအားထုတ်မှုများကြောင့် နယ်ပယ်ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးသည့် အပြန်အလှန်ဖလှယ်မှုများတွင် တိုးတက်အောင်မြင်မှု အများအပြားရရှိခဲ့ပါသည်။ မြန်မာ - တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် အခါသမယတွင် တရုတ် - မြန်မာ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးပိုမိုအားကောင်းစေရေး၊ မြန်မာ - တရုတ် အေးအတူပူအမျှအသိုက်အဝန်းတည်ထောင်မှု ပိုမိုနက်ရှိုင်းစေရေးနှင့် အဓွန့်ရှည်ကြာရေး၊ နှစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသစ်လောင်းရေးတို့အတွက် အဆွေတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း ပြောကြားလိုပါသည်။

မြန်မာနိုင်ငံနှင့် ပြည်သူပြည်သားများအားလုံး သာယာဝပြော ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

လီချန်း
တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ်

---

၂၀၂၅ ခုနှစ် ဇွန်လ ၈ ရက်တွင် ကျရောက်သည့် မြန်မာ - တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် အထိမ်းအမှတ်အခါသမယတွင် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများ သဝဏ်လွှာများ အပြန်အလှန်ပေးပို့ခဲ့ကြပါသည်။ အဆိုပါ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ထံ ပေးပို့သည့် သဝဏ်လွှာ

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၈ ရက်

အဆွေတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်မှု(၇၅)နှစ်ပြည့်မြောက်သည့်အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်စွာဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။

လွန်ခဲ့သည့်(၇၅)နှစ်တာကာလအတွင်း မိမိတို့နှစ်နိုင်ငံအကြား ပထဝီဝင်အနေအထားအရ နီးကပ်မှု၊ အပြန်အလှန်လေးစားမှုတို့အပြင် နှစ်နိုင်ငံပြည်သူများအကြားရှိ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးတို့ဖြင့် အဓွန့်ရှည်ကြာသည့် ချစ်ကြည်ရင်းနှီးသောအိမ်နီးချင်းဆက်ဆံရေးကို မျှဝေပိုင်ဆိုင်ထားကြပါသည်။ နှစ်ပေါင်းများစွာအတွင်းအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ သိသာထင်ရှားစွာ များပြားလာမှုနှင့်အတူ နှစ်နိုင်ငံဆက်ဆံရေးကို ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးအဆင့်နှင့် ယင်းနောက် အေးအတူပူအမျှအနာဂတ်ကို မျှဝေပိုင်ဆိုင်သည့် နှစ်နိုင်ငံအသိုက်အဝန်း ထူထောင်ရေးတူညီသည့်ကတိကဝတ်ကို ထားရှိနိုင်ခဲ့ကြခြင်းအတွက် ကျေနပ်အားရမိပါသည်။

မိမိတို့၏တူညီသောဘုံရည်မှန်းချက်နှင့် စဉ်ဆက်မပြတ်ပူးပေါင်းကြိုးပမ်းမှုတို့သည် ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ခိုင်မာသည့်ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် နှစ်နိုင်ငံနှင့် ပြည်သူများအကြား မြဲမြံသည့်ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများမှာ နောင်လာမည့်နှစ်များအတွင်း ပိုမိုတိုးတက်ခိုင်မာလာစေလိမ့်မည်ဟု ယုံကြည်ပါသည်။

အခွင့်အခါကြုံခိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရက မန္တလေးငလျင်အတွက် အချိန်နှင့်တစ်ပြေးညီ စေတနာသဒ္ဓါတရားထက်သန်စွာပေးအပ်ခဲ့သည့် လူသားချင်းစာနာမှုအကူအညီများအတွက် လှိုက်လှဲစွာကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။

မိမိတို့နှစ်နိုင်ငံနှင့်ပြည်သူများ၏ ဘုံအကျိုးစီးပွားအတွက် နှစ်နိုင်ငံဆက်ဆံရေးတွင်သာမက ဒေသတွင်းနှင့် နိုင်ငံတကာမူဘောင်များအောက်မှလည်း ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်ရေးအတွက် ဆက်လက်၍ အဆွေတော်နှင့်အနီးကပ်ဆောင်ရွက်သွားရန် မျှော်လင့်ပါသည်။

အဆွေတော်အား အစဉ်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

သန်းဆွေ

မစ္စတာဝမ်ယိ
တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့်
နိုင်ငံခြားရေးဝန်ကြီး
တရုတ်ပြည်သူ့သမ္မတနိုင်ငံ
ပေကျင်းမြို့

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိ ထံမှ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံ ပေးပို့သည့် သဝဏ်လွှာ

ပေကျင်းမြို့၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၈ ရက်

ဦးသန်းဆွေ
ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နေပြည်တော်
အဆွေတော်ခင်ဗျား

တရုတ် - မြန်မာ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် အထိမ်းအမှတ်အခါသမယတွင် များစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

တရုတ် - မြန်မာ နှစ်နိုင်ငံအကြားဆက်ဆံရေးသည် သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့ချိန်မှစ၍ (၇၅) နှစ်တာကာလအတွင်း နိုင်ငံတကာအခင်းအကျင်း၌ အပြောင်းအလဲများစွာကို ကြံ့ကြံ့ခိုင်ရင်ဆိုင်ခဲ့ပြီး ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့ပါသည်။ မိမိအနေဖြင့် နှစ်နိုင်ငံ နိုင်ငံခေါင်းဆောင်များအကြားရရှိခဲ့သည့် သဘောတူညီချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို လက်တွေ့ကျကျ ပိုမိုချဲ့ထွင်ဆောင်ရွက်ရန်နှင့် တရုတ် - မြန်မာ အေးအတူပူအမျှအသိုက်အဝန်းတည်ဆောက်မှုကို အရှိန်အဟုန်မပျက် မြှင့်တင်ရန်အတွက် အဆွေတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်သွားလိုပါသည်။

မြန်မာနိုင်ငံနှင့် ပြည်သူပြည်သားများအားလုံး သာယာဝပြော၍ ချမ်းသာသုခနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဝမ်ယိ
တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၊
နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့်
နိုင်ငံခြားရေးဝန်ကြီး
တရုတ်ပြည်သူ့သမ္မတနိုင်ငံ

ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm
၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm
၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm
၄။ Myawady Webportal
https://myawady.net.mm
၅။ Myanmar National Portal
https://myanmar.gov.mm

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၇

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သောတပန်ရပ်ကွက် လေးကျွန်းမာရ် အောင်မြတ်စွာဘုရားကြီးရှိ သာသနိကအဆောက်အအုံများနှင့် စေတီတော်ကြီး ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စေတီတော်ကြီး၏ငုက်ပျောဖူးအား အပိုင်းလိုက်ဖျက်၍ ရထားပျံဖြင့် မြေသို့ပင့်ဆောင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ မြေသားညှိခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ သာသနိကအဆောက်အအုံများ၊ ဥမင်သုံးဆယ်စေတီတော်၌ သာသနိကအဆောက်အအုံများ၊ ပိတောက်ချောင်ကျောင်းတိုက်ရှိ သာသနိကအဆောက်အအုံများ၊ သောတပန်ရပ်ကွက် ရွှေဟင်္သာကျောင်းတိုက်ရှိ သာသနိကအဆောက်အအုံများနှင့် သကျမိတာသီလရှင်စာသင်တိုက်ရှိ သာသနိကအဆောက်အအုံများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မိုးမကျမီ စက်ယန္တရားကြီးဖြင့် ဖယ်ရှားရှင်းလင်းပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးကာ အားဖြည့်အချိုရည်များ ပေးအပ်ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် နန်းဦးမြို့သစ် လေးကျွန်းမြေအုဋ်ကျောင်း ပရိယတ္တိစာသင်တိုက်တွင် သံဃာတော်များ သီတင်းသုံးနေထိုင်ရန်အတွက် ယာယီကျောင်းဆောင်ဆောက်လုပ်ပြီးစီးမှုအခြေအနေများနှင့် ပါရမီရပ်ကွက် နှစ်(၇၀၀)ပြည့် အာကာစားကွင်းအတွင်းရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့မှ စစ်ကိုင်းမြို့ ငလျင်ဘေးဒဏ်သင့်သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များကို ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ သုံးထပ်ဆောင်အား မိုးမကျမီစက်ယန္တရားကြီးဖြင့် ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများ၊ ယာယီစာသင်ဆောင်များ ဆောက်လုပ်နေမှုအခြေအနေများနှင့် စာသင်ကျောင်းအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ပြီးစီးမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်အားပေးဆောင်ရွက်နေကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံက အားဖြည့်အချိုရည်များ ပေးအပ်ပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်မြို့ရှိ အခြေခံပညာ အလယ်တန်းကျောင်းခွဲ(မြင်စိုင်း) ကျောင်းဝန်းအတွင်း၌ ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှု ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက်ရှိ ၃၂ လမ်း၊ ၇၄ လမ်းနှင့် ၇၅ လမ်းကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ကစ္စနမဟီရပ်ကွက်များရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိလူနေအဆောက်အအုံများနှင့် နေ့စဉ်အများပြည်သူအသုံးပြုမှုများသည့် လမ်းမကြီးများဖြစ်သည့်အတွက် လမ်းပိတ်ဆို့မှု မဖြစ်ပေါ်စေရေးနှင့် အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးတို့အတွက် ကူညီကယ်ဆယ်ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး စနစ်တကျ ပြုလုပ်ဆောင်ရွက်သွားရန်၊ ကစ္စနမဟီရပ်ကွက်၊ ရွှေချည်ထိုးရပ်ရှိ အန္တရာယ်ရှိ အဆောက်အအုံသည် ၃၅ လမ်း ခုံးကျော်တံတားနှင့် ကပ်လျက်ဖြစ်သည့်အတွက် ခုံးကျော်တံတားနှင့် အနီးရှိအဆောက်အအုံများအား ထိခိုက်မှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်ရန် မှာကြားခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်ရှိ Sky Villa နေရာသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရှင်းလင်းရန် ကျန်ရှိနေသည့် " A " ဆောင်အား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းအခြေအနေများ၊ ဖြိုဖျက်ပြီးသော အဆောက်အအုံနေရာများတွင် အပျက်အစီးများ ဆက်လက်ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများ၊ လုပ်ငန်းခွင်အနီးရှိ ပစ္စည်း လက်ခံ/ လွှဲပြောင်းရေးအဖွဲ့ ယာယီရုံးတွင် Sky Villa အဆောက်အအုံ အပျက်အစီးများအား ရှာဖွေကယ်ဆယ်ရေးအဖွဲ့များက ဖယ်ရှားရှင်းလင်းရာမှ ဖော်ထုတ်ရှာဖွေတွေ့ရှိသော ပစ္စည်းများအား ပစ္စည်းလက်ခံရှာဖွေစုဆောင်းရေးနှင့် ပြန်လည်အပ်နှံရေးအဖွဲ့ထံသို့ စနစ်တကျအပ်နှံမှုနှင့် ထိန်းသိမ်းထားရှိမှုအခြေအနေများနှင့် သက်ဆိုင်ရာပိုင်ရှင်များလက်ဝယ်သို့ ပြန်လည်လွှဲပြောင်းပေးနိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး စနစ်တကျ ပြုလုပ်ဆောင်ရွက်သွားရန်၊ အနီးရှိအဆောက်အအုံများအား ထိခိုက်မှုမရှိစေရေး အထူးဂရုပြု ဆောင်ရွက်သွားရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် နန်းမြို့အတွင်းရှိ အမှတ် (၁၈) အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများမှ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများကိုလည်းကောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော စာသင်ဆောင်အခန်းများအား ပြုပြင်ပြီးစီးမှု အခြေအနေများနှင့် အပျက်အစီးများအား တပ်မတော်သားစစ်သည်များမှ အင်တိုက်အားတိုက် ရှင်းလင်းနေမှု အခြေအနေများကိုလည်းကောင်း၊ ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက် ၇၆လမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြားရှိ အန္တရာယ်ရှိ လူနေအဆောက်အအုံအား စက်ယန္တရားကြီးများ အသုံးပြု၍အင်တိုက်အားတိုက်ဖြိုချရှင်းလင်းနေမှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး စနစ်တကျ ပြုလုပ်ဆောင်ရွက်သွားရန်မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့်တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ ဆူးကုန်းရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိ ယာယီသုံးခန်းတွဲ လိုင်းခန်းများ ဆောက်လုပ်ပြီးစီးမှု အခြေအနေများ၊ အသစ်ထပ်မံဆောက်လုပ်ပေးမည့် မြေနေရာများနှင့် ခရိုင်အသေးစား စက်မှုလက်မှုရုံးဝင်းအတွင်း၌ Modular Container House များဖြင့် (ယာယီ)ရုံး ဆောက်လုပ်ပြီးစီးမှုအခြေအနေများနှင့် ရုံးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်ပြီး ကျောက်ဆည်မြို့ ပြည်သူ့ဆေးရုံအနောက်ဘက်၌ ဆည်မြောင်းဦးစီးဌာနမှ ဇော်ဂျီမြစ်ရေထိန်းတာပေါင်လုပ်ငန်းများအား စက်ယန္တရားများဖြင့် မြေဖို့ခြင်းနှင့် တာတမံများ ပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်နေမှုအခြေအနေများ၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ(မြင်စိုင်း) ကျောင်းဝင်းအတွင်း၌ ကျောင်းဆောင်သစ်ဆောက်လုပ်ပြီးစီးမှုအခြေအနေများနှင့် စဉ့်ကိုင်မြို့နယ် ဘဲလင်းကျေးရွာအုပ်စု ဘဏ္ဍာကျေးရွာရှိ ရွှေမြင်တင်ဘုရားကြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘုရားကြီး ပြန်လည်ပြုပြင်မွမ်းမံမည့် အစီအမံများနှင့် ရှေးမူမပျက် ပြန်လည်ပြုပြင်နိုင်ရေးနှင့် အခြားလိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# လယ်ဝေးမြို့နယ်အတွင်း မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇွန် ၇

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ဇွန် ၅ ရက်က လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် လယ်ဝေးမြို့နယ်အတွင်း ယင်လုံအိမ်သာ ရာနှုန်းပြည့် ဆောက်လုပ်သုံးစွဲရေးအတွက် အသိပညာပေးခြင်းနှင့် အိမ်သာခွက်များ ပေးအပ်ပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။ ထို့နောက် နေပြည်တော် ကောင်စီနှင့် တာဝန်ရှိသူများက စမတောင်၊ ဝက္ကမူ၊ အေလာ၊ သာဝတ္တိ၊ သဲကောကြီးကျေးရွာများအတွက် အိမ်သာခွက်နှင့် ပိုက်အစုံ ၆၆၀ ပေးအပ်သည်။ (ယာပုံ)

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် သပြေပင်ကျေးရွာရှိ ဧကရီ ဝက်မွေးမြူရေးလုပ်ငန်းသို့ သွားရောက်ကြည့်ရှုကာ လုပ်ငန်းများ တိုးချဲ့နိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ယင်းနောက် နေပြည်တော်ကောင်စီနှင့် တာဝန်ရှိသူများသည် ရှားချောင်းကျေးရွာ ကွင်းအမှတ်(၁၈၀၁)၊ တောင်သူဦးမြင့်ကို၏ နှမ်းစပါးသီးနှံ ၁၀ ဧကနှင့် တောင်သူ ဦးမောင်မောင်၏ နှမ်းစပါး ၁၀ ဧကတို့ကို ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုများကို ကွင်းဆင်း ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ကျင်းပသည့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲသို့ တက်ရောက်ပြီး မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ





လက်ရှိ ဆောင်ရွက်နေသည့် မွေးမြူရေးစနစ်များမှ အသားအထွက်နှုန်း၊ ဥအထွက်နှုန်းများ တိုးတက်ထုတ်လုပ်နိုင်ရန် အဆင့်မြင့် မွေးမြူရေးစနစ်များ၊ မျိုးကောင်းမျိုးသန့်များ၊ ရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို သက်ဆိုင်ရာ မွေးကုဆရာဝန်များနှင့် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးရန် ဆွေးနွေးပြောကြားပြီး မွေးမြူရေးလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

# မန္တလေးမြို့ မဟာမုနိဘုရားကြီးအား စိန်ဖူးတော်အသစ် ကပ်လှူပူဇော်နိုင်ရန်အတွက် ရွှေသား(၃)ပိဿာနှင့် ကျောင်းတော်ကြီးတိုင်(၆)တိုင် ပြန်လည်တည်ဆောက်နိုင်ရန် အလှူငွေများ လှူဒါန်း

**မန္တလေး ဇွန် ၇**

၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက် အင်အားအလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီးနှင့် ဘုရားကြီးဝင်းအတွင်းရှိ သာသနိကအဆောက်အအုံများကို ရှေးမူမပျက် ပိုမိုခိုင်ခန့်အောင် ပြန်လည်ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်လျက်ရှိပြီး ပြည်တွင်း၊ ပြည်ပ စေတနာအလှူရှင်များက အလှူငွေများ လှူဒါန်းလျက်ရှိသည်။






ထိုသို့ လှူဒါန်းရာ၌ မန္တလေးမြို့ မဟာမုနိဘုရားကြီး စိန်ဖူးတော်အသစ် ကပ်လှူပူဇော်နိုင်ရန်အတွက် ရွှေသား(၃)ပိဿာအပါအဝင် ကျောင်းတော်ကြီးတိုင်(၆)တိုင် တည်ဆောက်နိုင်ရန်အတွက် အလှူငွေများ လှူဒါန်းခြင်းနှင့် ရေစက်ချမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ သြဝါဒါစရိယ၊ နိုင်ငံတော်သြဝါဒါစရိယ၊ မဟာဓမ္မိကာရာမမိတ္ထီလာကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသုဇနပီယ၊ တိုင်းဒေသကြီးသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ(သုဓမ္မာ) မစိုးရိမ်တိုက်သစ် ဓမ္မဂါရဝကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသ အမှူးပြုပြီး မဟာမုနိဘုရားကြီးဂေါပကအဖွဲ့ သြဝါဒါစရိယ ဆရာတော်(၁၁)ပါး ကြွရောက်ချီးမြှင့်တော်မူ၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အလှူရှင် ဒေါက်တာနိုင်ထွဋ်အောင်နှင့်ဇနီး ဒေါက်တာဝေဝေရင် (ကွန်းခိုရာမိသားစု)၊ ဘုရားကြီးဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်းနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးဇွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး နိုင်ငံတော်သြဝါဒါစရိယ၊ မဟာဓမ္မိကာရာမမိတ္ထီလာကျောင်းဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီးနောက် မဟာမုနိဘုရားကြီး စိန်ဖူးတော်အသစ် ကပ်လှူပူဇော်နိုင်ရန်အတွက် ရွှေသား(၃)ပိဿာအပါအဝင် ကျောင်းတော်ကြီးတိုင် (၆)တိုင် တည်ဆောက်နိုင်ရန်တို့အတွက် စုစုပေါင်း အလှူငွေကျပ် သိန်း(၂၆၀၀၀၀၀၀၀) (ငွေကျပ်သိန်းနှစ်သောင်းခြောက်ထောင်တိတိ) ကို ဒေါက်တာနိုင်ထွဋ်အောင်နှင့်ဇနီးဒေါက်တာဝေဝေရင်(ကွန်းခိုရာမိသားစု)က လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။









ဆက်လက်၍ ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်း၍ ဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များ နာယူကြည်ညိုပြီးနောက် မစိုးရိမ်တိုက်သစ် ဓမ္မဂါရဝကျောင်းဆရာတော်ထံမှ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ရုပ်သိမ်း၍ နေ့ဆွမ်း ဆက်ကပ်ခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မဟာမုနိဘုရားကြီးနှင့်အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ခြင်းများအား ရှေးမူမပျက်ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**





သတင်း-စာမျက်နှာ ၆












## ပုဗ္ဗသီရိမြို့နယ်၌ MSME ဈေးရောင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကျင်းပ

**ပုဗ္ဗသီရိ ဇွန် ၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် MSME ဈေးရောင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပုဗ္ဗသီရိဈေး၌ ကျင်းပသည်။

ရှေးဦးစွာ ဈေးရောင်းပွဲတော်မုခ်ဦးအား နေပြည်တော်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဦး၊ ဇေယျာသီရိခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်ကြည်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

ထို့နောက် တာဝန်ရှိသူများက MSME ဈေးရောင်းပွဲတော်အထိမ်းအမှတ် မြန်မာ့ရိုးရာခြင်းအလှခတ်ဖျော်ဖြေနေမှုနှင့် MSME ဒေသထွက်ကုန် အရောင်းပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ပြီး အဆိုပါပွဲတော်တွင် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဒေသထွက်ကုန်များ ရောင်းချပေးခြင်းအပြင် ချား၊ ရဟတ်၊ ပျော့ပျော့အိ ကလေးကစားကွင်းများ စသည့် ပျော်ရွှင်ဖွယ် အစီအစဉ်မျိုးစုံဖြင့် ဇွန် ၄ ရက်မှ စတင်ကာ ၁၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ကို(ပြန်/ဆက်)**



## စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**ဂန့်ဂေါ ဇွန် ၇**

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့တွင် သန့်ရှင်းသာယာလှပရေးနှင့် အမှိုက်သရိုက်ကင်းရှင်းစေရေးအတွက် အပတ်စဉ် စနေနေ့တိုင်း သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၇ နာရီက ဂန့်ဂေါခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများပူးပေါင်းကာ မြောက်ကုန်းရပ်ကွက်ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်း ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ သန့်ရှင်းရေးများဆောင်ရွက်ခြင်းကို ခရိုင်ပြည်သူ့ဆေးရုံကြီး အတွင်း၊ အပြင်နှင့် မျက်နှာစာများရှိ ပေါင်းပင်၊ မြက်ပင်များ၊ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များကောက်ခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းအတွင်းရှိ အမှိုက်သရိုက်များ ရှင်းလင်းခြင်းစသည့် သန့်ရှင်းရေးလုပ်ငန်းများကို ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ ပူးပေါင်း၍ စုစုပေါင်းအင်အား ၄၀၀ ဦးဖြင့် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ဂန့်ဂေါခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲရန်ပိုင်၊ ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနန္ဒ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီးကျော်ဆွေဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးကာ စုပေါင်းသန့်ရှင်းရေးများဆောင်ရွက်ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများအား လက်ဖက်ရည်နှင့် ကောက်ညှင်းပေါင်းများဖြင့် ကျွေးမွေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မောင်မျိုးမင်း(ပြန်/ဆက်)**

## မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဆွေးနွေး

**တောင်တွင်းကြီး ဇွန် ၇**

ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဆွေးနွေးပွဲကို မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်၊ Women Club အဖွဲ့ဝင် ဒေါ်သန်းသန်းဝင်းတို့က မြန်မာနိုင်ငံသို့ မူးယစ်ဆေးဝါး စတင်ရောက်ရှိလာပုံ၊ မူးယစ်ဆေးဝါးအကြောင်း၊ မူးယစ်ဆေးဝါးအမျိုးအစားများ၊ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒများအကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ဖြစ်ပွားတတ်သည့် ရောဂါများအကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပါပုဒ်မများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်များအား ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **နောင်နောင်(ဗိုလ်သနိုးမြေ)**

# မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ မန္တလေးနည်းပညာတက္ကသိုလ်ဝင်းအတွင်း၌ ကျင်းပ

**မန္တလေး ဇွန် ၇**

ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရန်နှင့် သာယာလှပစေရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် အထောက်အကူပြုရန်၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ ဂေဟစနစ်ထိန်းသိမ်းနိုင်ရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ တက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပုသိမ်ကြီးမြို့နယ်ရှိ မန္တလေးနည်းပညာတက္ကသိုလ်ဝင်းအတွင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ၎င်းတို့၏ဇနီးများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့၊ တိုင်းဒေသကြီး မိခင်နှင့် ကလေးကြီးကြပ်မှုစောင့်ရှောက်ရေးအဖွဲ့၊ ကျောင်းသား၊ ကျောင်းသူများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုများ အတူတကွ တက်ရောက်စိုက်ပျိုးကြသည်။



အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် သစ်တောသစ်ပင်များသည် လူသားများအပါအဝင် သက်ရှိအားလုံးရှင်သန်ရပ်တည်နိုင်ရေး အရေးကြီးသည့် အခန်းကဏ္ဍ၌ ပါဝင်နေသည့်အတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် အဖိုးတန်မြန်မာ့သဘာဝတောများ ထာဝစဉ် တည်တံ့စေရေး ထိန်းသိမ်းကာကွယ်ရန်နှင့် ပျက်စီးပြုန်းတီးသွားသောတောများကို အစားထိုးစိုက်ပျိုးပြီး ဂေဟစနစ်များ ပြန်လည်ပြုစုထိန်းသိမ်းရန်(၂၀၁၇-၂၀၁၈)မှ (၂၀၂၆-၂၀၂၇)အထိ ၁၀နှစ်တာကာလအတွက် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းကို ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ တိုင်းဒေသကြီးတွင် ပျိုးပင်ပေါင်း (၂၂၆၅၆၂၄) ပင် စိုက်ပျိုးသွားမှာ ဖြစ်ပါကြောင်း၊ ယခုအခမ်းအနားတွင် သစ်မျိုး ကိုးမျိုး၊ အပင်အရေအတွက် (၇၀၀)ပင် စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း၊ သစ်ပင်သစ်တောများသည် ဖွံ့ဖြိုးတိုးတက်မှုအားလုံး၏ ဗဟိုချက်ဖြစ်သည်ဆိုသည့်စကားနှင့်အညီ ဖွံ့ဖြိုးမှုလုပ်ငန်းတိုင်းတွင် သစ်တောထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ထည့်သွင်းစဉ်းစားပေါင်းစပ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ သစ်ပင်များ စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် သဘာဝပတ်ဝန်းကျင် စိမ်းစိုသာယာလှပစေပြီး အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးတို့က ဦးဆောင်၍ သတ်မှတ်နေရာတွင် အရိပ်ရအပင်အား စတင်စိုက်ပျိုးပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး၊ တိုင်းမှူး၏ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တက်ရောက်လာကြသူများက သတ်မှတ်နေရာအသီးသီးတွင် အတူတကွ စိုက်ပျိုးကြကြောင်း၊ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်အဖွဲ့သည် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် အရိပ်ရပင်များကို တပျော်တပါး စိုက်ပျိုးနေမှုများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်းနှင့် ကျွန်း၊ ပိတောက်၊ ခရေ၊ စိန်ပန်း၊ တမာ၊ ယင်းမာ၊ ကုက္ကို၊ မဲဇလီ၊ မဟော်ဂနီ သစ်မျိုး ကိုးမျိုး စုစုပေါင်းအပင်အရေအတွက် (၇၀၀)ပင်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**











# မန္တလေးတိုင်းဒေသကြီး အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**မန္တလေး ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ ညွှန်ကြားရေးမှူးများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာဌာနများမှ အင်ဂျင်နီယာပညာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေး၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် အင်အားအလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီးကြောင့် တိုင်းဒေသကြီးတွင် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ အနက် ပြန်လည်ပြုပြင်အသုံးပြုနိုင်သည့် အဆောက်အအုံများအား ပြန်လည်ပြုပြင်အသုံးပြုနိုင်ရေးနှင့် လုံးဝဖျက်သိမ်း၍ အသစ်ပြန်လည်တည်ဆောက်ရမည့်အဆောက်အအုံများအား ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများဖြစ်အောင် တည်ဆောက်နိုင်ရေး အတွက် ကြီးကြပ်မှုကော်မတီ ဖွဲ့စည်း တာဝန်ပေးထားပြီးဖြစ်ပါကြောင်း၊ ကျွမ်းကျင်သူပညာရှင်များပါဝင်သည့် အဖွဲ့များဖြင့် စစ်ဆေးရရှိသည့် အရောင်ခွဲခြားသတ်မှတ်ချက်အရ အငယ်စား၊ အလတ်စား၊ အကြီးစား ပြင်ဆင်ရမည့် အဆောက်အအုံ၊ ပြုပြင်၍ မရတော့သဖြင့် ဖယ်ရှားရှင်းလင်းပြီး အသစ်တည်ဆောက်ရမည့် အဆောက်အအုံများနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ပြန်လည်ပြုပြင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းများ ဆောင်ရွက်ရာတွင် ငလျင်ဒဏ် အပါအဝင် အခြားကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ထည့်သွင်းတွက်ချက် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများကို အချင်းချင်းညှိနှိုင်းပေါင်းစပ်၍ ပိုမိုလျင်မြန်ထိရောက်စွာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီးက အဆောက်အအုံများ စစ်ဆေးဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြပြီးနောက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးက စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ အဆောက်အအုံများ ဖယ်ရှားရှင်းလင်းနေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့် တက်ရောက်လာကြသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီးနောက် နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀

# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ရွာငံ ဇွန် ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်၊ ကျောက်မြောင်းကျေးရွာအုပ်စု၊ တောင်ခေါင်းပွာကျေးရွာတွင် မြို့နယ်သစ်တောဦးစီးဌာနမှ ကြီးမှူး၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယမန်နေ့နံနက် ၈ နာရီခွဲက တောင်ခေါင်းပွာအခြေခံပညာမူလွန်ကျောင်းဝင်းအနီး၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ရွာငံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဆိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မီးသတ်၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပြည်သူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက အသီးသီးသတ်မှတ်နေရာများတွင် ခရေ၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ ခါတော်မှို၊ ကျွန်း၊ မဲဇလီ၊ ယူကလစ်၊ ငုရွှေဝါ သစ်မျိုးစုံ ပျိုးပင်ပေါင်း (၆၀၀)ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။



သစ်ပင်များသည် ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူကာ ဓာတ်ငွေ့အချို့ကို ထုတ်လွှတ်ပေးပြီး လေထုသန့်ရှင်းမှုကို မြှင့်တင်ပေးခြင်း၊ မြေဆီလွှာပြုန်းတီးမှုကို တားဆီးပေးပြီး မြေအောက်ရေဓာတ်ထိန်းသိမ်းပေးနိုင်ခြင်း၊ မိုးရွာသွန်းမှုနှင့် အပူချိန်ကို ထိန်းညှိပေးပြီး ရာသီဥတုအပြောင်းအလဲကို လျှော့ချပေးခြင်း၊ မြေဆီလွှာကောင်းမွန်မှု၊ ရေရှိမှုနှင့် ရာသီဥတုကိုက်ညီမှုစသည့်ကောင်းကျိုးများကြောင့် အလေးထား စောင့်ရှောက်ရန် လိုအပ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၃၃၈)**

၀-၀-၀-၀-၀

| ၂၀၂၆ကမ္ဘာ့ဖလား ခြေစစ်ပွဲ(ဥရောပဇုန်) အနိုင်၊ အရှုံး | | | | |
|---|---|---|---|---|
| ဘော့စနီးယား | ၁ | - | ၀ | ဆမ်မာရီနို |
| မော်လ်တာ | ၀ | - | ၀ | လစ်သူဘေးနီးယား |
| အန်ဒိုရာ | ၀ | - | ၁ | အင်္ဂလန် |

| နိုင်ငံတကာဘောလုံးခြေစမ်းပွဲစဉ် အနိုင်၊ အရှုံး | | | | |
|---|---|---|---|---|
| လတ်ဗီးယား | ၀ | - | ၀ | အဇာဘိုင်ဂျန် |

# စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ပြင်ဦးလွင် ဇွန် ၇**

လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်စေရန် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့မွန်းလွဲ ၁ နာရီက မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ် အောင်ချမ်းသာကျေးရွာ အ·ထ·က(ခွဲ)တွင် ကျင်းပရာ ရှေးဦးစွာ အောင်ချမ်းသာကျေးရွာ အ·ထ·က(ခွဲ)မှ ကျောင်းအုပ်ဆရာကြီး ဦးရှိန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြင်ဦးလွင်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ကြူကြူက "စာဖတ်ခြင်း၏ အကျိုးကျေးဇူး" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့သည်။ ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းမင်းအောင်က ကျန်းမာရေးအသိပညာဗဟုသုတများ၊မြန်မာစာပေ ယဉ်ကျေးမှုအသင်းအဖွဲ့ဝင် ဥပဒေအကြံပေး တရားလွှတ်တော်ရှေ့နေ ဒေါ်ခိုင်ခိုင်ဦးက လူငယ်နှင့် ဥပဒေအကြောင်းသိကောင်းစရာများအစရှိသည်တို့ကို ဟောပြောဆွေးနွေးခဲ့ပြီးနောက် မြန်မာစာပေယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ စာရေးဆရာကိုရွှေအောင်သင်းက "ကျောင်းဖွင့်ရာသီ ပျော်ကြမည်" ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ပြီး ဆွေးနွေးချက်များကို ကျောင်းသား၊ ကျောင်းသူများအား မေးမြန်းခဲ့ရာ မေးမြန်းချက်များအား ကျောင်းသူ၊ ကျောင်းသားများက ပြန်လည်ဖြေကြားခဲ့သည်။



ဆက်လက်၍ ဆွေးနွေးမေးမြန်းချက်များအား ပြန်လည်ဖြေကြားပေးခဲ့သော ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် စာရေးဆရာကိုရွှေအောင်သင်းက အောင်ချမ်းသာကျေးရွာ အ·ထ·က(ခွဲ) ကျောင်းအား စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် ကျောင်းသား၊ ကျောင်းသူများအား အသိအလိမ္မာရဖွယ်သုတ၊ ရသပုံပြင်များ ဖတ်ကြားပြခြင်း၊ နံရံကပ်စာစောင်များ၊ သုတ၊ ရသစာစောင်များ ခင်းကျင်း ပြသပေးသည်။ အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ကျောင်းသား၊ ကျောင်းသူ ၁၅၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သွေးသွေး(ခရိုင်ပြန်/ဆက်)**


- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၅ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၉၀၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် Super Mandalar Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၉၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇွန် ၆ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့ မြေနီကုန်းကားဝင်း NewWay ကားဂိတ်နှင့် ရွှေသလ္လာကားဂိတ်အနီး၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်း ခြောက်မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၇၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်း ၆၃ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈၃၆၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက် ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်တောင်း-ဒိုက်ဦးလမ်းခွဲအနီး မော်တော်ယာဉ်သုံးစီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းလေးမျိုး၊ လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၇၈၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Hino Truck နှစ်စီး၊ Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၅၆၂ တန်၊ သစ်မာ ၃ ဒသမ ၀၅၀ တန်(ခန့်မှန်းတန်ဖိုးငွေကျပ်၂၈၀၀၆၀၂) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၈၅၈၀၆၀၂ ကို ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိသည်။


ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းအမျိုး ၃၀၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၁၀၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)ကိုလည်းကောင်း၊ The Myanmar Terminal ဆိပ်ကမ်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၃၃၂၈၆၀)ကိုလည်းကောင်း၊ အေးရှားဝေါလ် ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၇၂၂၁၅၁၂၃)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ CHINA Eastern Airlines လေယာဉ်ခရီးစဉ်အမှတ် MU-2031/SF-5381 ဖြင့် တရုတ်နိုင်ငံနိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် ကိုရီးယားနိုင်ငံသား ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၈၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၉၀၅၅၉၈၃ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဇွန် ၆ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ၂၈ စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၁၀၈ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၅ ရက်နှင့် ၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၂ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၇၀၄၂၅၈၅ ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတား ဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ်များစွာ ဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ယင်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ သတင်းစဉ်

# မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကူနီကျေးရွာမှ ကျောင်းအုပ်ဆရာမကြီးတစ်ဦးအား PDF အမည်ခံအကြမ်းဖက်သမားများက ဖမ်းဆီးသတ်ဖြတ်

နေပြည်တော် ဇွန် ၇

PDF အမည်ခံ အစွန်းရောက်အကြမ်းဖက်သမားများအနေဖြင့် ပညာရေးဆိုင်ရာ ရုံးဌာနများနှင့် စာသင်ကျောင်းများကိုမိုင်းထောင်ဖောက်ခွဲခြင်းများ၊ လက်ပစ်ဗုံး၊ လက်လုပ်မိုင်းများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် အနာဂတ်မျိုးဆက်သစ် လူငယ်၊ လူရွယ်များအား စာပေသင်ကြားပြသပေးလျက်ရှိသည့် ဆရာ ဆရာမများကို အကြမ်းဖက်ခြိမ်းခြောက်၊ သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည်။

ထိုသို့ ပြုလုပ်လျက်ရှိရာ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကူနီကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း(မူလွန်)မှ ကျောင်းအုပ်ဆရာမကြီးဖြစ်သူ ဒေါ်ရီရီထွေး အသက် ၄၆ နှစ်သည် နိုင်ငံ့ဝန်ထမ်းကောင်း ပီသစွာ တာဝန်များ ထမ်းဆောင်လျက်ရှိပြီး ထိုသို့ တာဝန်ထမ်းဆောင်နေသည်ကို မလိုလားသော PDF အမည်ခံ အကြမ်းဖက်သမားများက ဇွန် ၆ ရက် ကျောင်းဆင်းချိန်တွင် ကျောင်းဝင်းအတွင်းသို့ မော်တော်ဆိုင်ကယ် သုံးစီးဖြင့် ရောက်ရှိလာပြီး သစ္စာမဲ့ဝန်ထမ်း (Disloyalty Civil Servant- DCS) ပြုလုပ်ခြင်း မရှိဟုဆိုကာ ကျောင်းအုပ် ဆရာမကြီးအား သေနတ်ဖြင့် ပစ်ခတ်ခြင်း၊ ဓားဖြင့် ရက်ရက်စက်စက် ခုတ်ဖြတ်သတ်ဖြတ်ခြင်းများ ပြုလုပ်ခဲ့သဖြင့် သေဆုံးသွားကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများက ကျောင်းအုပ်ဆရာမကြီးအား ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။



အကြမ်းဖက်အဖွဲ့အစည်းများ အနေဖြင့် ပညာရေးဝန်ထမ်းများအား ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဇွန် ၆ ရက်အထိ အကြမ်းဖက် ကျူးလွန်မှုများ ဆောင်ရွက်ခဲ့ခြင်းကြောင့် ပညာရေးဝန်ထမ်း သေဆုံးသူ ၈၀၊ ဒဏ်ရာရရှိသူ ၃၅ ဦးရှိကြောင်း သိရသည်။


PDF အမည်ခံအကြမ်းဖက်သမားများက ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည့် ကျောင်းအုပ်ဆရာမကြီးအား တွေ့မြင်ရပုံ။


ကျောင်းအုပ် ဆရာမကြီးအား ပစ်ခတ်စဉ် PDF အမည်ခံ အကြမ်းဖက်သမားများ အသုံးပြုခဲ့သည့် ကျည်ခွံအား တွေ့မြင်ရပုံ။

ထိုသို့ နိုင်ငံ့ဝန်ထမ်းကောင်း ဆရာ ဆရာမများအား PDF အမည်ခံ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အဖွဲ့အစည်းများ၏ ခြိမ်းခြောက်မှုများ၊ အကြောင်းအမျိုးမျိုးပြ၍ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်မှုများကို ပြည်သူလူထုက စိတ်နှလုံးမချမ်းမြေ့ဖွယ် တွေ့မြင် ကြားသိနေရသဖြင့် အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို လုံးဝလက်ခံနိုင်ခြင်း မရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များကလည်း လိုအပ်သော တုံ့ပြန်မှုများ ဆောင်ရွက်နိုင်ရန်အတွက် လုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နိုင်ငံတကာ အားကစား သတင်းများ

## နည်းပြ ချီဗူးအား ၂၀၂၇ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ နည်းပြသစ်အဖြစ် အင်တာမီလန်အသင်းခန့်အပ်



**မီလန် ဇွန် ၇**

အင်တာမီလန်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ချီဗူးအား ၂၀၂၇ခုနှစ်အထိ စာချုပ်ချုပ်ဆိုကာ ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ပါးမားအသင်းအား ကိုင်တွယ်ခဲ့ဖူးပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်သလို အသင်းအား အောင်မြင်မှုများ ရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ခြင်းကြောင့် အင်တာမီလန်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၄၄)နှစ်အရွယ်ရှိ နည်းပြ ချီဗူးက "အင်တာမီလန်အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရလို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ လာမည့် ဘောလုံးရာသီမှာလည်း ဆုဖလားတွေ ဆွတ်ခူးရရှိစေဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ။ အင်တာမီလန်အသင်းလို ထိပ်တန်းအသင်းတစ်သင်းကို ကိုင်တွယ်ခွင့်ပေးခဲ့သည့်အတွက် အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

**(အပေါ်ဝဲပုံ)**
**(NGB)**

## နည်းပြ ဂက်စပါရီနီအား နည်းပြသစ်အဖြစ် ရိုးမားအသင်းခန့်အပ်

**တူရင် ဇွန် ၇**

စီးရီးအေကလပ် ရိုးမားအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဂက်စပါရီနီကို ခန့်အပ်ခဲ့ကြောင်းအတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ရိုးမားအသင်းနှင့်အတူ သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့သည်။

နည်းပြ ဂက်စပါရီနီသည် နည်းပြဘဝတစ်လျှောက်တွင် စီးရီးအေကလပ်အသင်းများစွာကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် ရိုးမားအသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။



အသက်(၆၇)နှစ်အရွယ်ရှိ ဂက်စပါရီနီက "ကျွန်တော် ရိုးမားအသင်း နည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ ဂုဏ်ယူမိပါတယ်။ ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူ အားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်"ဟု ပြောသည်။**(အပေါ်ပုံ) (NGB)**

## နည်းပြ ပိုစတီကိုဂလူးအား နည်းပြရာထူးမှ စပါးအသင်း ထုတ်ပယ်

**လန်ဒန် ဇွန် ၇**


စပါးအသင်းသည် အသင်းနည်းပြ ပိုစတီကိုဂလူးအား နည်းပြရာထူးမှ ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း အတည်ပြု ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် စပါးအသင်းကို ယူရိုပါလိဂ် ချန်ပီယံဆုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်မူ ထင်သလောက် ရလဒ်ကောင်းများ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ခြင်း မရှိသောကြောင့် အသင်းက နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ ပိုစတီကိုဂလူးသည် စပါးအသင်းကို ၂၀၂၃ ခုနှစ် ဇူလိုင် ၁ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၁၀၁ ပွဲတွင် ၄၇ပွဲနိုင်၊ ၁၅ပွဲသရေ၊ ၃၉ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

စပါးအသင်းထုတ်ပြန်ချက်တွင် "နည်းပြ ပိုစတီကိုဂလူးအား ရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံးရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။

**(ယာပုံ) (NGB)**



## နော်ဝေအသင်းက အီတလီအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

**လန်ဒန် ဇွန် ၇**

၂၀၂၆ ကမ္ဘာ့ဖလား ဘောလုံးခြေစစ်ပွဲ(ဥရောပဇုန်) အုပ်စုအဆင့်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက နော်ဝေအသင်းနှင့် အီတလီအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နော်ဝေအသင်းက အီတလီအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

နော်ဝေအသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၁၄မိနစ်တွင် ဆော်လော့ချ်၊ ပွဲချိန် ၃၄ မိနစ်တွင် နူဆာ၊ ပွဲချိန် ၄၂မိနစ်တွင် ဟာလန်းတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

နော်ဝေအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား ဘောလုံးခြေစစ်ပွဲ (ဥရောပဇုန်) အုပ်စုအဆင့်ပွဲစဉ်အဖြစ် လာမည့် ဇွန် ၁၀ရက်တွင် အက်စ်တိုးနီးယားအသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(အောက်ပုံ)**
**(NGB)**






## ဂါဘရီရယ်လ် အာဆင်နယ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဇွန် ၇**

အာဆင်နယ်အသင်းသည် အသင်းနောက်ခံကစားသမား ဂါဘရီရယ်လ်အား ၂၀၂၉ခုနှစ်အထိ သက်တမ်းတိုးစာချုပ်တစ်ရပ်ချုပ်ဆိုခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲ စုံပွဲပေါင်း ၂၁၀ ကစားပြီး ဂိုး ၂၀ အထိ သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၂၇)နှစ်အရွယ်ရှိ ဂါဘရီရယ်လ်က "ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ အနာဂတ်မှာ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာ ရယူသိမ်းပိုက်သွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

**(အပေါ်ဝဲပုံ)**
**(NGB)**

## 2025 Roland Garros တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ Carlos Alcaraz တက်ရောက်

**ပဲရစ် ဇွန် ၇**

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ကျင်းပလျက်ရှိသော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Roland Garros တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ စပိန်တင်းနစ်ကစားသမား Carlos Alcaraz တက်ရောက်ခဲ့သည်။

အဆိုပါ စပိန်တင်းနစ်ကစားသမား Carlos Alcaraz သည် 2025 Roland Garros တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အီတလီတင်းနစ်ကစားသမား Lorenzo Musetti ကို ၄-၆၊ ၇-၆၊ ၆-၀၊ ၆-၀ ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 Roland Garros တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် စပိန်တင်းနစ်ကစားသမား Carlos Alcaraz နှင့် အီတလီတင်းနစ်ကစားသမား Jannik Sinner တို့ ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။ **(အောက်ပုံ)**
**(NGB)**



## ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ စပိန်လာလီဂါ တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ရာဖင်ဟာ ဆွတ်ခူး

**ဘာစီလိုနာ ဇွန် ၇**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ စပိန်လာလီဂါတစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဘာစီလိုနာအသင်း တောင်ပံကစားသမား ရာဖင်ဟာက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းနှင့်အတူ စပိန်လာလီဂါပွဲစဉ် ၃၆ပွဲကစားပြီး ၁၈ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့သလို အသင်းကို စပိန်လာလီဂါချန်ပီယံဆု ဆွတ်ခူးရရှိအောင် ပံ့ပိုးကူညီနိုင်ခဲ့မှုကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ရာဖင်ဟာက "ကျွန်တော် အခုလို တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ အခုဆုရရှိတာကလည်း အသင်းဖော်တွေရဲ့ ဝိုင်းဝန်းပံ့ပိုးကူညီမှုကြောင့်ပါ။ နောက်ထပ်လည်း ယခုလို မှတ်တိုင်သစ်တွေ စိုက်ထူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(ယာပုံ)**
**(NGB)**



### ယူအီးအက်ဖ်အေ နေရှင်းလိဂ် ဘောလုံးပြိုင်ပွဲ(တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲ)ပွဲစဉ် နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှု | ပြိုင်ပွဲအမျိုးအစား |
|---|---|---|---|---|
| ၈-၆-၂၀၂၅ တနင်္ဂနွေနေ့ | ည၇း၃၀နာရီ | ဂျာမနီ - ပြင်သစ် | ပြင်သစ် ၀-၂ ဂျာမနီ | တတိယနေရာလုပွဲ |
| ၉-၆-၂၀၂၅ တနင်္လာနေ့ | နံနက်၀၁း၃၀နာရီ | ပေါ်တူဂီ - စပိန် | ပေါ်တူဂီ ၀-၁ စပိန် | ဗိုလ်လုပွဲ |

## ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနား ကျင်းပ



**မိုင်းဆတ် ဇွန် ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ခရိုင်စီမံကိန်းရေးဆွဲရေး အကောင်အထည်ဖော်ရေးကော်မတီမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးညီညီထွေးက စီမံကိန်းလုပ်ငန်းတာဝန်ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းလုပ်ငန်းတာဝန်များကို သက်ဆိုင်ရာဌာနအသီးသီးသို့ ပေးအပ်ခဲ့သည်။

ထို့နောက် ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာနရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ချိုလင်းက စီမံကိန်းနှင့်ပတ်သက်သည့်အကြောင်းအရာများကို ပါဝါပွိုင့်ဖြင့် ဆွေးနွေးတင်ပြခဲ့ရာ ဌာနဆိုင်ရာအသီးသီးက ပြန်လည်ဆွေးနွေးခဲ့ကြသည်။ (ဝဲပုံ)

အဆိုပါအခမ်းနားသို့ ခရိုင်မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးလျက်ရှိ



**သရက် ဇွန် ၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီက ပြည်တော်အေးရပ်ကွက် ဆင်ဖြူတော်ဘုရားကြီးမွှာရုံတွင် မြို့ပေါ်(၈)ရပ်ကွက်ရှိ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည်။

မွေးကင်းစမှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးထိုးနှံပေးရာတွင် အသက်နှစ်လ ကလေးငယ်များကို ဘီစီဂျီ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ ဆုံဆို့၊ ကြက်ညှာ၊ အသည်းရောင်အသားဝါ (ပထမအကြိမ်)၊ လေးလအရွယ်ကလေးငယ်များကို ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ)၊ ဦးနှောက်အမြှေးရောင် (ဒုတိယ)အကြိမ်၊ ခြောက်လမှာ (တတိယအကြိမ်) ထိုးနှံရပြီး အသက်ကိုးလတွင် ဂျပန်ဦးနှောက်ရောင်၊ ဝက်သက်၊ ဂျိုက်သိုး (ပထမ)အကြိမ်နှင့် အသက်တစ်နှစ်ခွဲတွင် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ဘီ)၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်) ကာကွယ်ဆေးများကို စတုတ္ထအကြိမ်နှင့် ဝက်သက်၊ ဂျိုက်သိုး ကာကွယ်ဆေးများကို ဒုတိယအကြိမ် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**စော်ထက်(သရက်)**

## စပါးပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရန်၊ ရှောင်ရန်အချက်များ အသိပညာပေးဆွေးနွေး

**ပျဉ်းမနား ဇွန် ၇**

ပြည်ထောင်စုနယ်မြေ၊ ပျဉ်းမနားမြို့နယ်၊ ပြုတွင်းကျေးရွာဘုန်းတော်ကြီးကျောင်း၌ ယမန်နေ့ မွန်းလွဲပိုင်းက သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် တောင်သူပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲသို့ ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းလင်းနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူ ၄၀ ဦး တက်ရောက်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက စပါးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ စပါးရိုင်းဖြစ်ပေါ်ခြင်းမှ ကာကွယ်ရန်အတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ စနစ်တကျစိုက်ပျိုးစေရေး၊ အရည်အသွေးကောင်းမွန်စေရေး၊ အထွက်နှုန်းတိုးစေရေး၊ ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်စေရေး၊ အောင်မြင်အောင်စိုက်ပျိုးစေရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေးတို့အတွက် အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။



(အပေါ်ယာပုံ)

**မြို့နယ်(ပြန်/ဆက်)**

## နှစ်ရှည်ပင် ဧက ၁၅၀၀ ကျော် စိုက်ပျိုး

**ကျွန်းလှ ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်တွင် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး စပါးအပြင် သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်ကြရာ ယခုနှစ် နှစ်ရှည်ပင် ဧက ၁၅၀၀ ကျော် စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ နှစ်ရှည်ပင်စိုက်ပျိုးရာတွင် ထန်း၊ အုန်း၊ ငှက်ပျော၊ ကွမ်းသီး၊ ကွမ်းရွက်၊ မာလကာ၊ ရှောက်၊ သံပရာ၊ သရက်၊ ဆီးသီး၊ နဂါးမောက် စသည့်သစ်သီးပင်များနှင့် အခြားအပင်များကို စိုက်ပျိုးကြသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ခုနှစ် နှစ်ရှည်ပင်စိုက်ပျိုးမှုအဖြစ် ထန်းဧက ၂၀၊ အုန်း ၂၃၃ ဧက၊ ငှက်ပျော ၂၀၆ ဧက၊ ကွမ်းသီး ၁၃ ဧက၊ ကွမ်းရွက် ၅၄ ဧက၊ သစ်သီးပင်မျိုးစုံ ၈၈၁ ဧက၊ အခြားအပင် ၁၄၂ ဧက စုစုပေါင်း ၁၅၄၉ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**(၄၈၀)**

## ပခုက္ကူတက္ကသိုလ်၌ ဘွဲ့ကြိုနှင့်ဘွဲ့လွန် နွေသင်တန်းများ စတင်ဖွင့်လှစ်သင်ကြား

**ပခုက္ကူ ဇွန် ၇**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ပခုက္ကူတက္ကသိုလ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်နှင့် ၂၀၂၅-၂၀၂၆ပညာသင်နှစ် ဘွဲ့ကြိုနှင့်ဘွဲ့လွန် နွေသင်တန်းများကို ဇွန် ၂ ရက် နံနက်ပိုင်းမှ စတင်၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါ သင်တန်းများ၌ ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် ဒုတိယပညာသင်ကာလနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမပညာသင်ကာလသင်တန်း ဘွဲ့ကြိုနှင့်ဘွဲ့လွန် နွေသင်တန်းတွင် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

**(၃၄၀)**



## လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**လဲချား ဇွန် ၇**

အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်နှင့် ကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေး တိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ ဇွန် ၄ ရက် နံနက် ၁၀ နာရီခွဲက ရှမ်းပြည်နယ်တောင်ပိုင်း၊ လဲချားမြို့နယ် အ.လ.က(၁)ကျောင်း၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ခင်ချိုထွေးက လွတ်လပ်ရေးနေ့၊ ကလေးအလုပ်သမားပပျောက်ရေး၊ ကလေးအလုပ်သမားအကြောင်းသိကောင်းစရာများကို လည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်ဟောမ့်ဦးက မူးယစ်ဆေးဝါးဟူသည်၊ ရှောင်လေဝေးဝေးမူးယစ်ဆေး၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျောင်းပညာရေးတွင်သာမက ဘက်စုံထူးချွန်သောကျောင်းသား၊ ကျောင်းသူများဖြစ်ထွန်းလာစေရန်အတွက် ကျောင်းစာအပြင် ပြင်ပဗဟုသုတစာအုပ်၊ စာစောင်များကို ဖတ်ရှုလေ့လာသင့်ကြောင်းကိုလည်းကောင်း အသိပညာပေးဟောပြောကြကာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ သဘာဝဘေးအန္တရာယ်၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်များကို ပြသပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**



## ပိုက်ဆံလျှော်မျိုးစေ့ပေးအပ်ပွဲနှင့် စူပါဘိုကာရှီ သဘာဝမြေသြဇာ ပေးအပ်ပွဲကျင်းပ

**မတ္တရာ ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်၌ တောင်သူများအား ပိုက်ဆံလျှော်မျိုးစေ့နှင့် စူပါဘိုကာရှီ သဘာဝမြေသြဇာပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲ ၃နာရီက မတ္တရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် ကျင်းပရာ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုး၊ အောင်မြေသာစံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဆွေနှင့် အဖွဲ့ဝင်များ၊ မတ္တရာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။



ရှေးဦးစွာ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးက အဖွင့်အမှာစကားပြောကြားပြီး ရေရရှိမှုအခြေအနေများ၊ သဘာဝမြေသြဇာသုံးစွဲမှု အခြေအနေများ၊ စပါး၊ ပဲနှင့် နှမ်းစိုက်မျိုးဖြစ်ထွန်းမှု အခြေအနေများကို ဆွေးနွေးခဲ့ရာ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်မန်နေဂျာ ဒေါ်မြတ်သီတာက တောင်သူများ စိုက်ပျိုးဖြစ်ထွန်းနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် တောင်သူများအား သစ်စိမ်းမြေသြဇာပြုလုပ်သုံးစွဲရန်အတွက် ပိုက်ဆံလျှော်မျိုးစေ့များကို ပေးအပ်ခဲ့ရာ တောင်သူများက လက်ခံရယူခဲ့ကြသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအား စူပါဘိုကာရှီ သဘာဝမြေသြဇာဖော်စပ်နည်း လက်တွေ့သရုပ်ပြနေမှုအား ကြည့်ရှုအားပေးခဲ့ကာ အသင့်ပြုလုပ်ပြီး စူပါဘိုကာရှီများကို တောင်သူများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

* - * - * - * - * - *



## သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ကန့်ဘလူ ဇွန် ၇**

မိုးရာသီတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါနှင့် အခြားရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်နိုင်ရေးတို့အတွက် တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့ပေါ်ရှိ အခြေခံပညာကျောင်းများသို့ အသိပညာပေးခြင်း၊ အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ သက်ဆိုင်ရာ ကျောင်းများရှိ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်း၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ငှက်ဖျားတိုက်ဖျက်ရေးဌာနမှ ဆရာဦးစံဝင်းက ကျောင်းသား၊ ကျောင်းသူများအား သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများ၊ ခြင်ကျားလောက်လမ်း ပေါက်ဖွားရာနေရာများ၊ သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများနှင့်ကျောင်းများတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ ရေအိုး၊ ရေကန်၊ ရေစည်များ ဖုံးအုပ်ရန်၊ သောက်ရေထည့်ထားသည့် ရေစည်၊ ရေအိုးများ၊ ဘုရားပန်းအိုးများ ခြင်ပေါက်ဖွားမှုမရှိစေရန် လဲလှယ်ပြောင်းထည့်ခြင်း၊ ရေများ မလဲနိုင်သည့် ရေကန်များတွင် ပိုးလောက်လမ်းများ မရှိစေရေးအတွက် အဘိတ်ဆေးခတ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)(၄၈၀)**

## ဒေသဖွံ့ဖြိုးတိုးတက်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးကိစ္စရပ်များအတွက် ရပ်မိ၊ ရပ်ဖများနှင့် တွေ့ဆုံဆွေးနွေး

**နမ့်စန် ဇွန် ၇**

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်၊ နမ့်စန်ကျေးရွာအုပ်စုတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များအတွက် မြို့နယ်မှ တာဝန်ရှိသူများနှင့် ဒေသခံရပ်မိ၊ ရပ်ဖ တောင်သူများ တွေ့ဆုံ ဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀နာရီက နမ့်စန်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးခန်းမတွင် ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးထွန်းနှင့် အဖွဲ့ဝင်များက ဒေသဖွံ့ဖြိုးရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ မျိုးစေ့ထုတ် စံပြစိုက်ခင်းများ စိုက်ပျိုးရေး၊ ကျောင်းနေအရွယ်ကလေးများ အားလုံးကျောင်းတက်ရောက်ကြစေရေး၊ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး၊ လယ်ယာမြေများ စနစ်တကျစိုက်ပျိုးလုပ်ကိုင်ရေး၊ လယ်ယာမြေလုပ်ပိုင်ခွင့် ပြုလက်မှတ်ထုတ်ပေးနိုင်ရေးစသည့်တို့ကို ဦးဆောင်ဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသော နမ့်စန်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးစိုင်းထွန်းအေးနှင့် ရပ်မိ၊ ရပ်ဖ တောင်သူများက သိရှိလိုသည်များနှင့် လိုအပ်ချက်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အောင်ပွဲရ အမျိုးသားဘောလုံးအသင်းအား ကြိုဆိုဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ

**ကျောက်ပန်းတောင်း ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အသက်(၁၈)နှစ်အောက် မြို့နယ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပူးတွဲတတိယဆု ရရှိခဲ့သည့် ကျောက်ပန်းတောင်းမြို့နယ် ဘောလုံးအသင်းအား ကြိုဆိုဂုဏ်ပြုပွဲ အခမ်းအနားကို ဇွန် ၄ရက် မွန်းလွဲ ၂နာရီခွဲက ဈေးကွက်သစ်ရပ်ကွက်ရှိ မြို့နယ်အားကစားခန်းမတွင် ကျင်းပသည်။

အောင်ပွဲရအမျိုးသားဘောလုံးအသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် အသင်းသားများကို ကျောင်းသူလေးများက ခန်းမအဝင်မုခ်၌ အောင်ပန်းများ ကမ်း၍ ကြိုဆိုခဲ့ကြပြီး ခန်းမအဝင်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ကြိုဆိုခဲ့ကြသည်။ ထို့နောက် အောင်ပွဲရ ဘောလုံးအသင်းအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ဂုဏ်ပြုအမှာစကားပြောကြားပြီး အသင်းအုပ်ချုပ်သူ မြို့နယ်အားကစားမှူး ဦးအောင်ကိုကိုလတ်က ဘောလုံးအသင်းပူးတွဲ တတိယ ရရှိအောင် ကြိုးစားဆောင်ရွက်ခဲ့ပုံများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အောင်ပွဲရ ဘောလုံးအသင်းအား ဂုဏ်ပြုဆုငွေနှင့် အကောင်းဆုံး အားကစားသမားဆုရရှိခဲ့သူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး အသင်းကိုယ်စား အားကစားသမားတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သိရသည်။ **(အောက်ပုံ)(၄၅၆)**



## ပုံမှန်ကာကွယ်ဆေးများထိုးနှံပေးခြင်းနှင့် ကာကွယ်ဆေးများ တိုက်ကျွေး

**ကျောက်ဆည် ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် အသက်(၂)နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ကာကွယ်ဆေးများတိုက်ကျွေးခြင်းကို ယမန်နေ့ နံနက် ၁၀နာရီက မင်းရပ် ရပ်ကွက်ရှိ ကျောက်စေတီဘုရားဝင်းအတွင်းတွင် မြို့နယ်ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ခရိုင်ပြည်သူ့ဆေးရုံကြီးနှင့် ရပ်ကွက်၊ ကျေးရွာများတွင် ဆေးထိုးစုရပ်များ ခွဲပြီး အပတ်စဉ်နေ့ရက်များ သတ်မှတ်၍ ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ ဆေးတိုက်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ကာကွယ်ဆေးများကို သတ်မှတ်ထားသောအကြိမ်နှင့် သတ်မှတ်ထားသော အသက်အရွယ်တွင်ဆေးထိုး၊ ဆေးတိုက်ပေးနိုင်မှသာလျှင် ကလေးငယ်များအတွက် အဆုတ်ရောင်ကာကွယ်ဆေး၊ ငါးမျိုးစပ်၊ ဆုံဆို့နာရောဂါ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ(ဘီ)ရောဂါ၊ ဦးနှောက်အမြှေးရောင်ရောဂါ၊ ပြင်းထန်အဆုတ်ရောင်ရောဂါ၊ ပိုလီယိုအကြောသေရောဂါ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါ၊ ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါတို့မှ ကာကွယ်ပေးနိုင်မည်ဖြစ်ပြီး ကျန်းမာရေးဝန်ထမ်း ဆရာ၊ ဆရာမများက အဖွဲ့များခွဲ၍ မြေပြင်ကွင်းဆင်းကာ ရပ်ကွက်၊ ကျေးရွာများရှိ စုရပ်အသီးသီးတွင် ကာကွယ်ဆေးထိုးနှံခြင်း၊ တိုက်ကျွေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



(ဝဲပုံ)

စုစုအေး(ကျောက်ဆည်)

## ရှုံးစာရေးသားနည်း၊ သတင်းရေးသားနည်းနှင့် စာကြည့်တိုက်ပညာသင်တန်း(၁/၂၀၂၅)သင်တန်းဖွင့်ပွဲ ကျင်းပ

**ကျိုင်းတုံ ဇွန် ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် ရှုံးစာရေးသားနည်း၊ သတင်းရေးသားနည်းနှင့် စာကြည့်တိုက်ပညာသင်တန်း(၁/၂၀၂၅) ဖွင့်ပွဲကို ဇွန် ၆ ရက် နံနက် ၉ နာရီက အဆိုပါရုံး လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ) ဒုတိယညွှန်ကြားရေးမှူး ဦးအားဗျေ့(ခ)ဦးအေးမောင်က အမှာစကားပြောကြားပြီး ကျိုင်းတုံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးနိုင်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။



အဆိုပါသင်တန်းသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)၊ ကျိုင်းတုံခရိုင်ရုံး၊ မိုင်းယန်း၊ မိုင်းခတ်၊ မိုင်းပျဉ်း၊ တုံတာမြို့နယ်၊ မြို့ရုံးများမှ ဝန်ထမ်း ၁၅ ဦး တက်ရောက်ပြီး ဇွန် ၆ ရက်မှ ၁၂ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ခဲပုံ)

မြို့နယ်(ပြန်/ဆက်)

## စွန့်ပစ်ပစ္စည်းများ စနစ်တကျ စွန့်ပစ်တတ်စေရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မိုင်းရှူး ဇွန် ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့နယ်၊ အခြေခံပညာ အထက်တန်းကျောင်းတွင် ဇွန် ၆ရက် နံနက် ၉ နာရီက စွန့်ပစ်ပစ္စည်းများ စနစ်တကျစွန့်ပစ်တတ်စေရေးအတွက် အသိပညာပေးဟောပြောပွဲ ဆောင်ရွက်ခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်မော်က လူအများသုံးစွဲပြီး စွန့်ပစ်လိုက်သည့် ပလတ်စတစ်များသည် နှစ်ပေါင်းရာချီ မဆွေးမမြေ့ဘဲ စုပုံနေတက်ကြောင်း၊ ဆိုးကျိုးအနေဖြင့် စွန့်ပစ်သည့် ပစ္စည်းများသည် လေထု၊ ရေထုနှင့် သဘာဝပတ်ဝန်းကျင်များကို ညစ်ညမ်းစေခြင်း၊ လူနှင့် အခြားသက်ရှိသတ္တဝါများကို အန္တရာယ်ပြုနိုင်ခြင်း၊ ရာသီဥတုကို ပြောင်းလဲခြင်း၊ ပလတ်စတစ်များထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းများကြောင့် နှလုံးသွေးကြောရောဂါ၊ အဆုတ်ပျက်စီးခြင်း၊ အူရောင်ခြင်း၊ အဆစ်အမြစ်ရောင်ရမ်းခြင်း၊ ဟော်မုန်းပြောင်းလဲခြင်း၊ အဝလွန်ခြင်း၊ အာရုံကြောရောဂါများဖြစ်တတ်သဖြင့် ပလတ်စတစ်များအား စနစ်တကျသုံးစွဲ၍ စွန့်ပစ်သင့်ကြောင်း အကျယ်တဝင့်ဟောပြောခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ဆရာ၊ ဆရာမများနှင့် Grade-6 နှင့် Grade-12 ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)



## မန္တလေးငလျင်ဘေးသင့် ပြည်သူများအား စားသောက်ကုန်များ လှူဒါန်း

**မန္တလေး ဇွန် ၇**

မန္တလေးယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းတွင် မြန်မာပြည်ဖွားတရုတ်မျိုးနွယ်စုနှင့် စေတနာရှင်အလှူရှင်များက မန္တလေးငလျင်ဘေးသင့် ပြည်သူများအား ဆန်၊ ဆီ၊ ကုလားပဲ လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၆ရက် နံနက် ၁၀ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ ပုညဝမ္မနကာရီဘုရားကျောင်း (ရှင်းဆံစီဘုရားဗုဒ္ဓဘာသာ)ရှေ့၌ ကျင်းပသည်။ ငလျင်ဘေးသင့်ပြည်သူများကို လှူဒါန်းရာတွင် မန္တလေးယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် ဂေါပကအဖွဲ့ဝင်များ၊ ပုညဝမ္မနကာရီ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းထိုက်နှင့် အဖွဲ့ဝင်များ စေတနာရှင်အလှူရှင်များက အိမ်ထောင်စု ၉၀၀ စုအတွက် တစ်အိမ်ထောင်လျှင် ခြောက်ပြည်ဝင် ဆန်အိတ်တစ်အိမ်၊ ဆီတစ်ဘူး၊ ကုလားပဲအိတ်သေး တစ်အိတ်စီ လှူဒါန်းကြသည်။ အဆိုပါ မန္တလေးယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းတွင် မြန်မာပြည်ဖွားတရုတ်မျိုးနွယ်စုနှင့် စေတနာရှင်များက ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝ၉၁)




သစ်တော၊ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး။

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယုဇနလေး

## ပြက္ခဒိန်

* ဘော်ဒါများနဲ့ ချိန်းကာရယ်
မာလာဟင်းစားကြမယ်
ဖက်ထုပ်နဲ့ နံရိုးပေါင်း
စားလို့အလွန်ကောင်း။

* ရှော့ပင်းမောလ်ဆိုင်မှာကွယ်
ဝယ်စရာတွေ စုံလှတယ်
ပါတဲ့ ပိုက်ဆံကုန်ရင်လည်း
အပြုံးမပျက်ပါဘဲ။

* Happy Birthday တစ်ခုမှာ
ပျော်ရွှင်စရာများနဲ့ပါ
ကျန်းမာကာ အသက်ရှည်ကြောင်း
ဆုမွန်ကောင်းတွေတောင်း။

* ပျော်စရာလောကီအလုပ်မှာ
ရက်စွဲတွေမှတ်ကာ
တစ်ရွက်ပြီးတစ်ရွက်လှန်ကာရေး
ပြက္ခဒိန် စာစောင်လေး ။

* ရတနာသုံးပါးအလုပ်မှာ
ပြက္ခဒိန်ကြည့်ဖို့ အားနည်းရှာ
အပျော်အပါးမက်တဲ့ ဘော်ဒါများ
အသိတရားနဲ့ သတိထား ။

* အပြစ်ပြောချင်း မဟုတ်တာ
စေတနာအရင်းခံပါ
လောကုတ္တရာအလုပ်စတင်ဖို့
ပြက္ခဒိန်ကြည့်ကြစို့။ ။

**သန်းနိုင်စိုး(စိုက်/မွေး)**

## ကလေးအလုပ်သမားပပျောက်ရေး မြေစိုက်နံရံကပ်ပြဘုတ်တွင် အသိပညာပေး

**လဲချား ဇွန် ၇**


ရှမ်းပြည်နယ်တောင်ပိုင်း၊ လဲချားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရန်အတွက် ရည်ရွယ်၍ အသိပညာပေး လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ မြေစိုက်နံရံကပ်စာစောင် ပြသခြင်းများလည်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့မြေစိုက်နံရံကပ်စာစောင်ပြသရာတွင် ယခုလအတွက် မူးယစ်ဆေးဝါးအသိပညာပေးများ၊ လူကုန်ကူးမှုအန္တရာယ်များ၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာများနှင့်ပတ်သက်သည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်းများဖြင့် ဝေဝေဆာဆာ ပြသထားရှိမှုအပေါ် ပြည်သူများက စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုကြကြောင်းနှင့် မြေစိုက်နံရံကပ်စာစောင်ပြသခြင်းများအား တစ်လနှစ်ကြိမ် လဲလှယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)





# ပါဠိသဒ္ဒါပညာရှင် ရွေးချယ်စာမေးပွဲ ကျင်းပမည်

**မန္တလေး ဇွန် ၇**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်၊ ၆၂လမ်း၊ ၂၄လမ်းနှင့်၂၅လမ်းကြား၊ စလင်းဝိဘဇ္ဇဝါဒီစာသင်တိုက် ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသာဘိဝံသ မဟာထေရ်မြတ်ကြီးမှူးကျင်းပသော ပါဠိသဒ္ဒါပညာရှင်ရွေးချယ်ရေးစာမေးပွဲကို ၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ရာ စာမေးပွဲဝင်ရောက်ဖြေကြမည့် ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များ စာရင်းပေးသွင်းရမည်ဖြစ်သည်။

ပါဠိစာပေဟာ ဗုဒ္ဓစာပေကို လေ့လာရာမှာ မဖြစ်မနေလိုအပ်ပါတယ်။ ထို့အတူ မြန်မာစာပေဟာလည်း ပါဠိစာပေရဲ့ အရိပ်ကိုမှီခိုနေပါတယ်။ မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်များအဖို့ အရေးကြီးတဲ့ စာပေဖြစ်တာကြောင့် ပါဠိသဒ္ဒါဟာ အရေးပါနေပါတယ်။ သဒ္ဒါမတတ် စာမတတ်ရယ်လို့ သတ်မှတ်ပြောဆိုကြပါတယ်။ သဒ္ဒါကျမ်းများစွာရှိရာ ကစ္စည်းသဒ္ဒါကျမ်းဟာ ပါဠိစာပေကို ချဉ်းကပ်ရာမှာ အပြည့်စုံဆုံးကျမ်းလို့ပြောရင် ရနိုင်ပါတယ်။ ဒါကြောင့် ကစ္စည်းသဒ္ဒါကျမ်းကို အခြေခံပြီး ပထမအဆင့်စာမေးပွဲကို သန္ဓိ၊ နာမ်၊ အာချာတ် သုံးခန်း၊ ဒုတိယအဆင့်စာမေးပွဲကို သန္ဓိ၊ နာမ်၊ အာချာတ်၊ ကိတ်၊ ကာရက ငါးခန်း၊ တတိအဆင့်စာမေးပွဲကို ကစ္စည်းသဒ္ဒါကြီးအကုန်၊ စာမေးပွဲကို ရဟန်း၊ ရှင်၊ လူ မည်သူမဆိုဖြေဆိုနိုင်ပြီး အဆင့်သုံးဆင့်ခွဲထားတယ်လို့ ဆရာတော်ကြီးက မိန့်ကြားသည်။

စာမေးပွဲဖြေဆိုရာတွင် အောင်စာရင်းကို တစ်လုံးမျှ မှားယွင်းမှုမရှိလျှင် အထူးအောင်၊ ငါးလုံးအတွင်း မှားယွင်းပါက အဆင့်(၁)အောင်၊ ၁၀လုံးအတွင်း မှားယွင်းပါက အဆင့်(၂)အောင်နှင့် ၁၀လုံးအထက် မှားယွင်းပါက ကျရှုံးသတ်မှတ်ထားပြီး စာမေးပွဲတွင် ပထမဆင့်(အကြို)၊ ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်များအဆင့်ခွဲခြားထားပြီး စာမေးပွဲကို စွမ်းနိုင်သလောက် အကြိမ်များစွာ ဖြေဆိုခွင့်ပြုထား၍ ပထမအကြိမ် အောင်မြင်ရ၍သာ ဘွဲ့လက်မှတ်ဆက်ကပ်မည်ဖြစ်ကာ စာအောင်ဆုငွေကို အောင်မြင်သည့်အကြိမ်တိုင်း လှူဒါန်းသွားမည်ဖြစ်ပြီး တတိယဆင့်အောင်မြင်ပါက ကစ္စာယနဝေယျာကရဏိက ပဏ္ဍိတဘွဲ့တံဆိပ် ဆက်ကပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၃)**

# ချမ်းအေးသာစံမြို့နယ်အတွင်း အစိုးရဓမ္မာစရိယစာမေးပွဲ ကျင်းပ

**မန္တလေး ဇွန် ၇**

ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ ၂၇ လမ်းနှင့်၂၈လမ်းကြား၊ ၈၈လမ်းနှင့် ၈၉လမ်းကြား မဟာလောကရံသီ အိမ်တော်ရာ စေတီတော်ဝင်း အတွင်းရှိ ရတနာဃရ (၁၄)ခန်း ဗိမာန်တော်တွင် အစိုးရဓမ္မာစရိယ စာမေးပွဲကို ဇွန် ၃ ရက် မွန်းတည့် ၁၂ နာရီတွင် ကျင်းပစစ်ဆေးခဲ့သည်။

၁၃၈၆ ခုနှစ်(၂၀၂၅ ခုနှစ်) အစိုးရဓမ္မာစရိယ စာမေးပွဲဓမ္မသင်္ဂဏီဘာသာ(၂) ကျင်းပစစ်ဆေးခဲ့ရာ စာရင်းရှိ သံဃာတော် ၅၃၃ ပါး၊ ဖြေဆိုသံဃာ ၃၇၃ ပါး၊ ပျက်ကွက် ၁၆၀ ပါး၊ ဖြေဆိုရာခိုင်နှုန်း ၆၉ ဒသမ ၉၈ ဖြေဆိုခဲ့သည်။

အဆိုပါ စာမေးပွဲအား စာမေးပွဲကျင်းပရေး ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ဆရာတော်များ၊ အထူးကြီးကြပ်ဆရာတော်များက ကြီးကြပ်၍ သာသနာရေးဦးစီးဌာန၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ချမ်းမြေ့မောင်**





# ရပ်စောက်မြို့၌ မူလတန်းကြိုကျောင်းကလေးများအား အာဟာရကျွေးမွေး

**ရပ်စောက် ဇွန် ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့၌ ဇွန်လ ၄ ရက် နံနက် ၁၁ နာရီက ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက က ရပ်စောက်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြိုကျောင်းရှိ ကလေးများအား အာဟာရဒါနလှူဒါန်းခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းစိုးနိုင်နှင့်အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများက မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းပိုင် မူလတန်းကြိုကျောင်းမှ ကလေးများအား ရင်းနှီးစွာတွေ့ဆုံပြီး ကလေးများက ကဗျာများရွတ်ဆို၍ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်သြိမီစောက လှူဒါန်းသော နေ့လယ်စာ ခေါက်ဆွဲကြော်၊ အာဟာရဖြစ်စေရန် ပဲနို့နှင့် Cake Sandwich တို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းစိုးနိုင်နှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာ အဖွဲ့မှ တာဝန်ရှိသူများက မူကြိုကျောင်းကလေးငယ် ၅၂ ဦးအား ကျွေးမွေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၃၆၈)**

# မန္တလေး ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းမှ ငလျင်ဘေးသင့်ပြည်သူများအား စားသောက်ကုန်များလှူဒါန်း

**မန္တလေး ဇွန် ၇**

မန္တလေး ယူနန်ဗုဒ္ဓဘာသာ ဘုရားကျောင်း မြန်မာပြည်ဖွား တရုတ်မျိုးနွယ်စုနှင့် စေတနာရှင်များက ငလျင်ဘေးသင့်ပြည်သူများအား စားသောက်ကုန်များ လှူဒါန်းပွဲကို ဇွန် ၆ ရက် နံနက် ၁၀နာရီက မန္တလေး၊ လမ်း၆၀နှင့် ၁၂၅လမ်းကြားရှိ လောကပါလ လူမှုကူညီရေးအသင်းရုံး၌ ကျင်းပသည်။

မန္တလေး ယူနန်ဗုဒ္ဓဘာသာ ဘုရားကျောင်း ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ထွန်းနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးများအဖွဲ့ဝင်များ၊ အလှူရှင်များက အိမ်ထောင်စုဝင် ၅၀၀ ကျော်အား တစ်အိမ်ထောင်စုလျှင် ခြောက်ပြည်ဝင် ဆန်အိတ် တစ်အိတ်၊ ဆီ တစ်ဘူးနှင့် ကုလားပဲအိတ်သေး တစ်အိတ်စီ လှူဒါန်းကြသည်။

အဆိုပါအဖွဲ့သို့ မန္တလေးမြို့၊ ၇၉လမ်း၊ ၃၃လမ်းနှင့်၃၄လမ်းကြားရှိ အိမ်ထောင်စုဝင် ၈၈၀ ဦးအား လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (၀၉၁)**





# မဏိစလလူမှုကူညီရေးအသင်းသို့ ရေဘောက်ဆာယာဉ် လှူဒါန်း

**မန္တလေး ဇွန် ၇**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ ၃၆လမ်း၊ ၈၆လမ်းထောင့်ရှိ မဏိစလလူမှုကူညီရေးအသင်း(မန္တလေး)သို့ လူမှုကူညီရေးလုပ်ငန်းများနှင့် သောက်သုံးရေးရှားပါးသော နေရာများသို့ ရေဖြန့်ဝေပေးနိုင်ရန် ရေဘောက်ဆာ ယာဉ်တစ်စီး ပေးအပ်လှူဒါန်းပွဲကို ဇွန် ၄ရက် နံနက်ပိုင်းက အဆိုပါ အသင်းရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် မဏိစလလူမှုကူညီရေးအသင်း ဩဝါဒါစရိယ ဆရာတော်ကြီးများအား အလှူရှင် မဉမ္မာ(မြန်မာထမင်းနှင့် ဟင်းမျိုးစုံ)မိသားစုက နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။ ထို့နောက် အလှူရှင် ဗမာမလေး 'မဉမ္မာ' မြန်မာထမင်းနှင့် ဟင်းမျိုးစုံအထူးအော်ဒါ မိသားစုက ဒေါင်ဖန်း အမျိုးအစားရေဘောက်ဆာယာဉ် အား မဏိစလလူမှုကူညီရေးအသင်းသို့ လွှဲပြောင်းလှူဒါန်းရာ အသင်းတာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**(ဓါပုံ)**

**(၀၄၅)**

# အိုဘယ့်ချင်းမိုင်(၂)

သန်းစိုးအောင်

**'ရွှေတြိဂံ'**
**မဲခေါင်းမြစ်တွင်း**
**လှေတစ်စင်းနှင့်**
**ချစ်ချင်းဖွဲ့သီ**
**နွှေဦးမည်သော စဉ်ကာလ ။**

'ဘာသုံးဆောင်မလဲရှင်.... အချိုရည်လား၊ ကော်ဖီလား'

ကျွန်တော် တိမ်တွေအကြောင်း တွေးနေစဉ် ချိုသာယဉ်ကျေးသော လေယာဉ်မယ်တစ်ဦး၏ အသံကို ကြားရသောအခါမှ အတွေးစတို့လည်း ပြတ်တောက်သွားသည်။ ကျွန်တော်က ကော်ဖီဆိုသောအခါ လေယာဉ်မယ်က မုန့်သေတ္တာကလေးနှင့်အတူ ကော်ဖီတစ်ခွက်ကို ပေးလေသည်။

ကျွန်တော်သည် ကော်ဖီသောက်နေစဉ် ရုတ်တရက် လေယာဉ်ပြတင်းပေါက်မှ အောက်မြေပြင်သို့ ငုံ့ကြည့်မိသည်။ လေယာဉ်က တိမ်တွေပေါ်မှာ ပျံသန်းနေသည်။ မြေပြင်မှ တောတောင်နှင့်မြို့ရွာများကို မမြင်ရတော့ချေ။ အချို့ရေးရေးမျှသာ။ လေယာဉ်၏ဘေးတစ်ဖက်တွင် တိမ်တစ်စုက ဝါဂွမ်းလိပ်ကြီးတစ်ခုပမာ ရွှေ့လျားနေသည်။

ကျွန်တော်သည် လေယာဉ်အတွင်းပိုင်းကို အကဲခတ်ကြည့်မိပြန်သည်။ လေယာဉ်မယ်တို့သည် ခရီးသည်တို့အား ဧည့်ခံကျွေးမွေးမှုကို ကျွမ်းကျင်စွာ လုပ်ဆောင်ကြသည်။ ခရီးသည်တို့မှာ ဦးရာမိတ်ဆွေအချင်းချင်း စကားပြောသူပြော၊ အချို့မှာ မျက်စိစုံမှိတ်ကာ ဘုရား၊ တရားကို အာရုံပြုဟန်ရှိသည်။

လေယာဉ်ပျံသန်းချိန် ၁ နာရီ မိနစ်၂၀ခန့်တွင် လေယာဉ်၏ အင်ဂျင်စက်သံပြောင်းသွားသည်ဟု ခံစားမိသည်။ လေယာဉ်လည်း တစ်ချက်တစ်ချက်တွင် အောက်သို့ နိမ့်ဆင်းသွားလေသည်။ ထိုစဉ် စပီကာမှ ကျေးဇူးပြု၍ နားဆင်ပါရှင်.... မကြာမီ ကျွန်မတို့ စီးလာသောလေယာဉ်သည် တာချီလိတ်လေဆိပ်သို့ ဆင်းသက်တော့မည်ဖြစ်၍ ထိုင်ခုံခါးပတ်များကို ပတ်ထားပေးပါရန် မေတ္တာရပ်ခံပါသည်။ ကျေးဇူးတင်ပါသည်ရှင်.....'တဲ့။

ကျွန်တော်သည် လေယာဉ်ပြတင်းပေါက်မှ အောက်မြေပြင်သို့ ငုံ့ကြည့်လိုက်သည်။ တာချီလိတ်ဝန်းကျင် တော၊ တောင်၊ ရေမြေ၊ မြစ်ချောင်း၊ အင်းအိုင်တို့ကို ထင်ရှားစွာ တွေ့ရလေပြီ။ တိုက်တာအိမ်ခြေများက ဟိုတစ်စု၊ သည်တစ်စု။ ကျွန်တော်က သည်အခြေအနေကို လက်လွှတ်မခံဘဲ ကင်မရာဖြင့် မှတ်တမ်းတင်လိုက်သည်။

ဩော်...လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်ကာလကတည်းက ချစ်ခင်ကျွမ်းဝင်ခဲ့သော လီရှမ်း၊ အာခါ၊ လားဟူ စသည့် ညီနောင်သွေးချင်းတို့ပျော်ရာ ရှမ်းအရှေ့ဒေသသို့ တစ်ဖန်ပြန်လည် ခြေချရပေတော့မည်။ ကျွန်တော် ဤသို့တွေးနေစဉ် လေယာဉ်သည် တာချီလိတ်လေယာဉ်ပြေးလမ်းသို့ ဆင်းသက်ခဲ့လေပြီတကား။ ကျေးဇူးအထူးတင်ပါသည်။ ခရီးစဉ်ကို ချောမောအောင်မြင်အောင် ဆောင်ကြဉ်းပေးပါသော မန်းရတနာပုံလေကြောင်းလိုင်းမှ လေယာဉ်မှူးကြီး ဦးခင်မောင်လွင်နှင့် လေယာဉ်အမှုထမ်းများ ခင်ဗျား။

ကျွန်တော်တို့အဖွဲ့ လေယာဉ်ကဆင်းပြီး လေဆိပ်အဆောက်အအုံအဝင်တွင် သက်ဆိုင်ရာဝန်ထမ်းတို့၏ စစ်ဆေးခြင်းကို ခံယူပြီးနောက် လေဆိပ်အဆောက်အအုံအတွင်းဝင်ခဲ့ရာ အသက် ၄၀ ကျော်ခန့်အရွယ် လုံကြီးပေါက်လှ ထိုင်းပုံစံဝတ်ဆင်ထားသော မြန်မာအမျိုးသမီးတစ်ဦးက မိတ်ဆက်စကားဆိုလာသည်။

'ဟယ်လို...အားလုံးပဲ မင်္ဂလာပါ။ ကျွန်မနာမည် မသူ(အေးမြသူ)ပါတဲ့။

သူမသည် Royal KKH ခရီးသွားကုမ္ပဏီ၏ Excutive Director တစ်ဦးဖြစ်ပြီး ကျွန်တော်တို့ခရီးစဉ်ပထမပိုင်းအဆင်ပြေချောမွေ့အောင် လိုက်ပါဆောင်ရွက်မည့်သူတစ်ဦးဖြစ်ကြောင်း သိရပါသည်။အေးမြသူ ဟူသော အမည်နှင့်လိုက်အောင်ပင် သူ့အပြုံးက အေးမြပါသည်။ အလုပ်စဉ်အဖြစ် ပထမဦးစွာ နှစ်နိုင်ငံနယ်စပ်မယ်ဆိုင်တံတားအနီးရှိ မြန်မာလဝကရုံးတွင် ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ်ပြုလုပ်ရမည်။ ထို့နောက်တံတားကူး၍ မယ်ဆိုင်ဘက် ထိုင်းလဝကရုံးတွင် ထပ်မံ၍ စစ်ဆေးခံခြင်း၊ မျက်နှာ Scan ဖတ်ခြင်းတို့ကို ပြုလုပ်ရမည်။ သည့်နောက် မယ်ဆိုင်မြို့ရှိ နာမည်ကြီးဟိုတယ်တစ်ခုဖြစ်သော PIYAPONE PLACE HOTEL တွင် တစ်ညတာအိပ်စက်အနားယူမည်။ နောက်တစ်နေ့တွင် ဟိုတယ်တွင် နံနက်စာ စားသုံးပြီးနောက် နံနက် ၈ နာရီတွင် ရွှေတြိဂံမှ အစပြု၍ လှေလာရေးခရီးစဉ်ကို စတင်မည်ဖြစ်ကြောင်း မသူက အသိပေးလာပါသည်။ ယခင်ကာလများက ထိုင်းဘက်ကမ်းတွင် ထပ်မံ၍ Check In လုပ်ရန်မလို မျက်မှောက်ကာလတွင် On Line ကျားဖြန့်လုပ်ငန်းများကြောင့် ထိုင်းအစိုးရကလည်း ခရီးသွားလုပ်ငန်းများကို တင်းကျပ်လာဟန်တူကြောင်း မသူက ရှင်းပြပါသည်။



မြန်မာ၊ ထိုင်း၊ လာအို သုံးနိုင်ငံဆုံစည်းရာ ရွှေတြိဂံ

မယ်ဆိုင်တံတားအနီး မြန်မာလဝကရုံးတွင် တန်းစီသည့်အခါ နံနက် ၁၀ နာရီခွဲရှိလေပြီ။ ဤတွင် မြန်မာဘက်ကမ်း၌ပင် ကျပ်နှင့်ဘတ်လဲရန် ကိစ္စပေါ်လာပါသည်။ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ ရက် ထို့နေ့ ငွေလဲနှုန်းမှာ မြန်မာကျပ်ငွေတစ်သိန်းလျှင် ထိုင်းဘတ် ၇၃၀ ပေါက်ပါသည်။ မြန်မာဘက်ကမ်း၌ပင် ကျွန်တော်တို့ အသုံးလိုသလောက် ဘတ်ငွေကို Money Changer ထံမှ လဲကြပါသည်။

အတိတ်၏အတွေးစတစ်ခုကလည်း ကျွန်တော့်ဦးနှောက်ထဲသို့ ဝင်ရောက်လာသည်။ ၁၉၈၀ ပြည့်နှစ်က ကျွန်တော်သည် မြန်မာနိုင်ငံတောင်ဘက်စွန်း ကော့သောင်းမြို့ကလေးတွင် လစာနှုန်း (၁၅၀-၁၀-၁၇၅)ရသော မူလတန်းပြဆရာကလေးဖြစ်ပါသည်။ ထိုစဉ်က ကော့သောင်းမြို့ကလေးမှာ မျက်မှောက်ကာလကဲ့သို့ ကုန်သွယ်ရေးဖွံ့ဖြိုးမှုမရှိသေးသော နယ်စပ်မြို့ကလေးတစ်မြို့သာ။ သို့သော် ကျွန်တော်တို့၏ မြန်မာကျပ်ငွေက ထိုင်းဘတ်ငွေထက် တန်ဖိုးမြင့်ပါသည်။ ထိုစဉ်က ထိုင်းနိုင်ငံ၊ ရနောင်းမြို့မှ မြန်မာဘက်ကမ်းကော့ကောင်းမြို့သို့ ယာယီနိုင်ငံကူးလက်မှတ် (Border Pass) ပြုလုပ်၍ ဈေးလာရောင်းသော ထိုင်းဈေးသည်တို့မှာ မြန်မာကျပ်ငွေကို အလိုရှိကြသည်။ ထိုစဉ်က ငွေလဲနှုန်းမှာ ထိုင်းငွေဘတ် ၁၀၀ လျှင် မြန်မာငွေ ၄၈ ကျပ် ဖြစ်လေသည်။

'ဦးလေးဘာတွေ တွေးနေလဲ၊ မှတ်ပုံတင်နဲ့ SMART CARD ပေးလိုက်လေ'

အနီးရှိ ကိုကျော်နိုင်ဝင်းပြောမှ မှတ်ပုံတင်နှင့် စမတ်ကတ်ကို သက်ဆိုင်ရာဝန်ထမ်းထံ အပေါက်ငယ်မှ ထိုးပေးလိုက်သည်။ လက်ဗွေနှိပ် မျက်လုံးကို Scan ဖတ်ပြီးနောက် တန်းစီနေရာမှ ထွက်ပေးလိုက်သည်။

အချိန်နာရီဝက်ခန့်အကြာတွင် ခရီးသွားကုမ္ပဏီအကျိုးဆောင် မသူက အားလုံး၏ ယာယီနိုင်ငံကူးလက်မှတ်ကတ်ပြားများကို စုယူလာသည်။ ကျွန်တော်တို့ ခရီးသွားအဖွဲ့ တံတားမှကမ်းကူးကြသည်။ ခေတ္တခဏခွဲခွာရမည့် အမိနိုင်ငံတော်ကို ငဲ့စောင်းကြည့်မိသည်။ မယ်ဆိုင်ကမ်းဘက် လဝကရုံးတွင် Check In ဝင်ရောက်ပြီးသောအခါ မွန်းလွဲ ၁နာရီခန့်သာသာရှိပေပြီ။ မယ်ဆိုင်မြို့လမ်းမကြီးပေါ် တစ်ပြသာသာခန့်ဝေးသော ပီယာပွန်းဟိုတယ်သို့သွားရန် အသင့်စောင့်ကြိုနေသော ဟိုင်းအေ့ကားများပေါ်သို့ တက်ကြသည်။ ကားကသုံးစီး၊ ဒရိုင်ဘာနှင့် မသူ အပါအဝင် လူ ၃၀။

မကြာမီကားများလည်း ဟိုတယ်ရှေ့ရောက် ခရီးဆောင်အိတ်နှင့် သေတ္တာတို့ကို စုပေါင်း၍ သယ်ကြသည်။ ထိုင်းလူမျိုးဒရိုင်ဘာများက ကျွန်တော်တို့ကို ချစ်သောမျက်ဝန်းများဖြင့် ကြည့်ကြသည်။ အံ့မယ် သူတို့လူမျိုး ဒရိုင်ဘာသုံးဦးထဲမှာ တစ်ဦးက အမျိုးသမီး (FEMALE)ဒရိုင်ဘာဗျ။ မသူက ဟိုတယ်မန်နေဂျာနှင့်ညှိနှိုင်း၍ အခန်းနေရာချပေးသည်။ ထို့နောက် ကားဆရာများကို မနက်ဖြန် ၂၄-၂-၂၀၂၅ နံနက် ၈ နာရီ လာရောက်ပေးရန် မှာကြားနေလေသည်။

၂၃-၂-၂၀၂၅ ထိုနေ့ ညနေသည် ခရီးစဉ်၏ အဟ ကာလကလေးဖြစ်၏။ ကျွန်တော်နှင့် ကလေးသား ကိုကျော်နိုင်ဝင်းက တစ်တွဲ၊ ထားဝယ်သား ကိုဆံရှည်နှင့် ရန်ကုန်သား ကိုဘရောင်းတို့က တစ်တွဲ မယ်ဆိုင်ညနေဈေးတန်းကို လျှောက်လည်ရန် ဟိုတယ်အပြင်ဘက်သို့ ထွက်ခဲ့ကြသည်။ အချိန်က ညနေ ၄ နာရီခွဲခန့်။ ဈေးတန်းကိုမလျှောက်မီ ဟိုတယ်ဆိုင်းဘုတ်ရှေ့ ဟိုတယ်ကို နောက်ခံပြုလျက် ခရီးသွားတစ်ဦး၏ အကူအညီဖြင့် လေးဦးသား မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

မယ်ဆိုင်မြို့ အဓိကလမ်းမကြီးကား ကျယ်ဝန်းလှသည်။ လမ်းတစ်ဖက်တစ်ချက်တွင် အဝတ်အထည်ဆိုင်၊ ဦးထုပ်၊ ဖိနပ် စသည့် လူသုံးကုန်ဆိုင်များ၊ ရိုးရာအဝတ်အထည်ဆိုင်များ၊ ဖုန်းဆိုင်များ၊ စက်ပစ္စည်းဆိုင်များ၊ စားသောက်ဆိုင်များ အထူးသဖြင့် လမ်းဘေး Street Food ဆိုင်များကို လမ်းမကြီးတစ်လျှောက် တွေ့ရသည်။ သစ်သားဗန်းကလေးများလွယ်၍ ထိုင်းထီလက်မှတ်ရောင်းသော ထီသည်များလည်း ခရီးစဉ်နေရာတိုင်းလိုလို၌ တွေ့ရသည်ကို နောင်အခါ သတိပြုမိလာသည်။

အလင်းရောင်တို့ အားပျော့ကာ တဖြည်းဖြည်း ညနေစောင်းလာသည်နှင့် မယ်ဆိုင်ညဈေးမှာ ဗမာသံ၊ ရှမ်းသံ၊ ထိုင်းသံ၊ အခြားတိုင်းရင်းသားအသံတို့ဖြင့် ပို၍ အသက်ဝင်လာသည်။ ခေတ္တလမ်းလျှောက်ပြီး ကျွန်တော်နှင့် ကိုကျော်နိုင်ဝင်းလည်း တည်းခိုရာဟိုတယ်နှင့် မလှမ်းမကမ်းရှိ လမ်းဘေးထိုင်းရိုးရာ စားသောက်ဆိုင်တစ်ဆိုင်တွင် ထိုင်လိုက်ကြသည်။

### ထူးခြားသော Street Food

ခေါက်ဆွဲတစ်မျိုးကိုပြုတ် အမှန်မှာ ရေနွေးပူနှင့်စိမ်ခြင်းဖြစ်သည်။ ထိုခေါက်ဆွဲပြုတ်ကို အသားဟင်းရွက်စုံတို့နှင့် ရော၍ ကျယ်ပြန့်သော လေးထောင့်သံဒယ်ပြားပေါ်တွင် 'ဒရိမ်း ဒရိမ်း' ဟူသော အသံများထွက်အောင် ဆီနည်းနည်းတွင် မီးနှင့်လှော်ရသော အစာတစ်မျိုးဖြစ်သည်။ 'ဒရိမ်း ဒရိမ်း' ဟူသော အသံမှာ လေးထောင့်သံပြားဒယ်တွင် အောက်မှ မီးကို အပြင်းအပျော့ပြုကာ သံယောင်းမရှည်နှစ်ချောင်းနှင့် အဆက်မပြတ် လှန်ပြန်မွှေရာမှ ထွက်ပေါ်လာသောအသံဖြစ်၏။ အကြော်လည်းမဟုတ်၊ အကင်လည်းမဟုတ်၊ အလှော်သက်သက်လည်းမဟုတ် ထူးခြားလှပေ၏။ ခေါက်ဆွဲအပြင် အပ်မှို၊ ကြက်သွန်မြိတ်၊ အသားပြား၊ ပဲပင်ပေါက်၊ တို့ဟူးခြောက်လည်းပါ ရသာ ခြောက်ပါးစုံရာတွင် ထူးခြားသော အရသာတစ်မျိုးထွက်လေ၏။ အချဉ်အလို့ငှာ သုံးဆောင်ရန် သံပရာသီးစိတ်ကလေးပင်ပါသေး၏။ တန်ဖိုးကား ဘတ် ၅၀ သာ။

စားသုံးပြီးသောအခါ ကျွန်တော်တို့လေးဦး စတိုးဆိုင်တစ်ဆိုင်တွင် တွေ့ဆုံ၍ လိုအပ်သော တစ်ကိုယ်ရေသုံးပစ္စည်းကလေးများဝယ်ကာ ဟိုတယ်သို့ စောစောပြန်နားကြသည်။ ထိုနေ့ည ခရီးပန်းသဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်ကြလေတော့သတည်း။

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေးက အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီအား အယ်လ်ဘာတာမြို့တွင် ကျင်းပမည့် ဂျီဆဲဗင်းအစည်းအဝေး ဖိတ်ကြား





**အော့တဝါ ဇွန် ၇**

ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေးက အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီအား အယ်လ်ဘာတာမြို့တွင်ကျင်းပမည့် ဂျီဆဲဗင်းထိပ်သီးအစည်းအဝေးသို့ ဖိတ်ကြားခဲ့ပြီး ယခုနှစ်များအတွင်း တင်းမာလာခဲ့သော ကနေဒါ-အိန္ဒိယဆက်ဆံရေးတွင် အပြောင်းအလဲတစ်ခုဖြစ်စေခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ကာနေး၏ရုံးမှ ထုတ်ပြန်ခဲ့သော သတင်းအရ ဇွန် ၆ ရက်တွင် ၎င်းတို့နှစ်ဦး တယ်လီဖုန်းမှတစ်ဆင့် စကားပြောဆိုခဲ့ပြီး ကနေဒါဝန်ကြီးချုပ်က မိုဒီအား ဖိတ်ကြားကာ နှစ်နိုင်ငံဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းရန် သဘောတူညီခဲ့သည်။

မိုဒီက အိတ်စ်ခ်ျလူမှုကွန်ရက်တွင်တင်ခဲ့သော ပို့စ်တစ်ခု၌ ဖိတ်ကြားချက်အတည်ပြုခဲ့ပြီး ကာနေးအား ကျေးဇူးတင်ကြောင်း ဖော်ပြခဲ့ကာ ဇွန်လအလယ်ပိုင်းတွင် ကျင်းပမည့် ထိပ်သီးအစည်းအဝေးတွင် ၎င်းနှင့်တွေ့ဆုံရန် မျှော်လင့်နေကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။

ကနေဒါဝန်ကြီးချုပ်ဟောင်း ဂျပ်စတင်ထရူးဒိုးက ကနေဒါနယ်မြေပေါ်တွင် ဆစ်ခ်ခွဲထွက်ရေးခေါင်းဆောင်တစ်ဦး လုပ်ကြံခံရမှုအတွက် အိန္ဒိယကို စွပ်စွဲခဲ့ပြီးနောက် နိုင်ငံနှစ်နိုင်ငံဆက်ဆံရေး တင်းမာလာခဲ့ကြောင်း သိရသည်။ **Mon**

## နဝမအကြိမ်မြောက် တရုတ်-တောင်အာရှပြပွဲတွင် ကုန်သွယ်ရေးအခွင့်အလမ်းသစ်များ ဆွေးနွေးမည်

**ပေကျင်း ဇွန် ၇**

တရုတ်နှင့် တောင်အာရှနိုင်ငံများသည် ယူနန်ပြည်နယ်၊ ကူမင်းမြို့တွင် ဇွန် ၁၉ ရက်မှ ၂၄ ရက်အထိ ကျင်းပမည့် နဝမအကြိမ်မြောက် တရုတ်-တောင်အာရှပြပွဲတွင် တွေ့ဆုံစဉ် ကုန်သွယ်ရေးဆက်ဆံရေးကို ဖွံ့ဖြိုးတိုးတက်စေရန် အခွင့်အလမ်းသစ်များကို ရှာဖွေဆွေးနွေးမည်ဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ယူနန်ပြည်နယ် စီးပွားရေးဌာန၏ ထုတ်ပြန်ချက်အရ ယခုနှစ်တွင် ကျင်းပမည့်ပြပွဲသို့ ပြည်တွင်းပြည်ပ ကုမ္ပဏီ ၁၄၀၀ ကျော် မှတ်ပုံတင်ထားပြီး သီရိလင်္ကာနိုင်ငံအနေဖြင့် ဂုဏ်ထူးဆောင်ဧည့်သည်တစ်ဦးအဖြစ် ပါဝင်မည်ဖြစ်သည်။

တရုတ်နှင့် တောင်အာရှနိုင်ငံများသည် စီးပွားရေးနှင့် ကုန်သွယ်ရေး ဆက်ဆံရေးကို ဆက်လက်အားဖြည့်လျက်ရှိသည်။ ယမန်နှစ်က နှစ်ဖက်ကုန်သွယ်ရေးတန်ဖိုးသည် ဒေါ်လာ ၂၀၀ ဘီလီယံခန့်ရှိခဲ့ပြီး ပျမ်းမျှနှစ်စဉ် ၆ ဒသမ ၃ ရာခိုင်နှုန်းဖြင့် လွန်ခဲ့သည့် ၁၀ နှစ်အတွင်း နှစ်ဆအထိ တိုးတက်ခဲ့သည်ဟု စီးပွားရေးဝန်ကြီးဌာနက ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0



## ချားလ်စ်ဘုရင်၏ မွေးနေ့အထိမ်းအမှတ်ဂုဏ်ပြုဆုများ ပေးအပ်ပွဲတွင် ဘက်ခမ်းအား ဘွဲ့ချီးမြှင့်ခံရဖွယ်ရှိသည်ဟု သတင်းများပေါ်ထွက်နေ

**လန်ဒန် ဇွန် ၇**

ဒေးဗစ်ဘက်ခမ်းသည် ချားလ်စ်ဘုရင်၏ မွေးနေ့အထိမ်းအမှတ်ဂုဏ်ပြုဆုများ ပေးအပ်ပွဲတွင် သူကောင်းဘွဲ့ ချီးမြှင့်ခံရဖွယ်ရှိသည်ဟု သတင်းများပေါ်ထွက်နေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။



မည်သို့ပင်ဖြစ်စေ အင်္ဂလန်ဘောလုံးသမားဟောင်းဖြစ်ခဲ့သူ ဘက်ခမ်းသည် ဘုရင်မိသားစုဝင်များနှင့် ယခင်ကတည်းကပင် ရင်းနှီးစွာ ဆက်ဆံနိုင်ခဲ့ပြီး ဖြစ်သည်။

ဘုရင်မိသားစုနှင့်ပတ်သက်သောအခမ်းအနားများတွင် ဘက်ခမ်းသည် အမြဲတမ်းတွေ့မြင်ရသူဖြစ်လာခဲ့သည်။

ချယ်လ်ဆီးပန်းပြပွဲ၊ ဘာကင်ဂမ်နန်းတော်တွင် ကျင်းပသော ဧည့်ခံပွဲနှင့်အီတာလျံ ညစာစားပွဲများတွင် ဘက်ခမ်းမိသားစု ဧည့်သည်စာရင်းတွင် အမြဲပါဝင်လေ့ရှိကြောင်း သိရသည်။ **Mon**

## အမေရိကန်ဒေါ်လာ ယခင်လထက် အတက်နှေးကွေးသော်လည်း အဓိကငွေကြေးများနှင့် နှိုင်းယှဉ်လျှင် စျေးနှုန်းမြင့်တက်လာခဲ့

**ဝါရှင်တန် ဇွန် ၇**

အမေရိကန်ဒေါ်လာသည် ယခင်လနှင့်နှိုင်းယှဉ်လျှင် အတက်နှေးကွေးသော်လည်း မေလတွင် အမေရိကန်အလုပ်အကိုင် တိုးတက်မှုသည် မျှော်မှန်းထားသည်ထက် ပိုမိုကောင်းမွန်သည့် အထောက်အထားများ ပြသပြီးနောက် ဇွန် ၆ ရက်၌ ကမ္ဘာ့ငွေကြေးဈေးကွက်ရှိ အဓိကငွေကြေးများနှင့် နှိုင်းယှဉ်လျှင် ဈေးနှုန်းမြင့်တက်လာခဲ့ပြီး အမေရိကန်ဗဟိုဘဏ်အနေဖြင့် အတိုးနှုန်းများကို လျှော့ချရန် ပိုမိုကြာမြင့်စွာ စောင့်ဆိုင်းနိုင်မည်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အလုပ်သမားဝန်ကြီးဌာန၏ အချက်အလက်များအရ မေလတွင် အလုပ်ရှင်များသည် အလုပ်အကိုင် ၁၃၉၀၀၀ ကို ထပ်မံဖန်တီးခဲ့ပြီး ဧပြီလတွင် ဖန်တီးခဲ့သည့် ၁၄၇၀၀၀ ထက် နည်းသော်လည်း ရိုက်တာသတင်းဌာန၏ စီးပွားရေးပညာရှင်များ စစ်တမ်းကောက်ယူမှုတွင် မျှော်မှန်းထားသည့် ၁၃၀၀၀၀ ထက် ကျော်လွန်ခဲ့သည်။

ဒေါ်လာသည် ဂျပန်ယန်းနှင့် နှိုင်းယှဉ်လျှင် ၀ ဒသမ ၈၄ ရာခိုင်နှုန်းမြင့်တက်ကာ ၁၄၄ ဒသမ ၇၂ ဖြစ်လာပြီး ဆွစ်ဖရန့်နှင့်နှိုင်းယှဉ်လျှင် ၀ ဒသမ ၃၃ ရာခိုင်နှုန်း မြင့်တက်ကာ ၀ ဒသမ ၈၂၃ ဖြစ်လာခဲ့သည်။

အဆိုပါအချက်အလက်များ ထွက်ပေါ်လာပြီးနောက်ပိုင်းတွင် ဒေါ်လာသည် လုံခြုံစိတ်ချရသော ငွေကြေးနှစ်မျိုးနှင့် နှိုင်းယှဉ်လျှင် ဆက်လက်တိုးတက်မှုရှိခဲ့သည်။

အမေရိကန်ငွေကြေးသည် ယန်း၊ ဖရန့်တို့နှင့် နှိုင်းယှဉ်လျှင် ဒုတိယအပတ်ဆက်တိုက် တက်နေသော်လည်း နှစ်အလိုက်တွင် အသီးသီး ၈ ရာခိုင်နှုန်းနှင့် ၉ ရာခိုင်နှုန်းခန့် လျော့နည်းနေဆဲဖြစ်ကြောင်း သိရသည်။ **Mon**

STOP AIDS

**ဂွါတီမာလာနိုင်ငံရှိ ဖူယေးဂိုးမီးတောင် ဇွန် ၆ ရက်က ပေါက်ကွဲပြီးနောက် မီးခိုးများ မှုတ်ထုတ်နေသည်ကို တွေ့ရစဉ်။**
**Mon**



## မေလတွင် အလုပ်အကိုင် ၁၃၉၀၀၀ ထပ်မံဖန်တီးပေးခဲ့သော်လည်း အမေရိကန်တစ်နိုင်ငံလုံးတွင် အလုပ်ခန့်ထားမှု နှေးကွေးနေဆဲ

**ဝါရှင်တန် ဇွန် ၇**

အမေရိကန်ပြည်ထောင်စုရှိ အလုပ်ရှင်များသည် မေလတွင် အလုပ်အကိုင် ၁၃၉၀၀၀ ထပ်မံဖန်တီးပေးခဲ့သော်လည်း တစ်နိုင်ငံလုံးတွင် အလုပ်ခန့်ထားမှု နှေးကွေးနေဆဲဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အလုပ်အကိုင်ပေါင်း ၁၃၃ ၀၀၀ ဖန်တီးပေးမည်ဟု ခန့်မှန်းထားခဲ့သည်ထက် မြင့်မားသော်လည်း ဧပြီလက အလုပ်အကိုင် ၁၄၇၀၀၀ ဖန်တီးမှုထက် လျော့နည်းနေကြောင်း ဇွန် ၆ ရက်တွင် ထုတ်ပြန်သည့် အလုပ်သမားဝန်ကြီးဌာန၏ မှတ်တမ်းများ၌ တွေ့ရသည်။




အလုပ်သမားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ အလုပ်အကိုင် တိုးတက်မှုအများဆုံးကဏ္ဍမှာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဖြစ်ပြီး အလုပ်အကိုင်ပေါင်း ၆၂၀၀၀ ဖန်တီးပေးခဲ့သည်။ အနားယူခရီးသွားလုပ်ငန်းနှင့် ဧည့်ဝတ်ကျေပွန်ရေးလုပ်ငန်းများတွင်လည်း အလုပ်အကိုင် ၄၈၀၀၀ အထိ တိုးတက်လာခဲ့သည်။

ကုန်ထုတ်လုပ်မှု၊ ကုန်စည်လက်ကားရောင်းချမှု၊ ကုန်ပစ္စည်းရောင်းဝယ်မှု၊ သယ်ယူပို့ဆောင်ရေးနှင့် သိုလှောင်ရေးကဏ္ဍများတွင် အကောက်ခွန်ကြိုတင်မျှော်လင့်ချက်နှင့်ဆိုင်သော သုံးစွဲမှုနှေးကွေးလာသည်နှင့်အမျှ သိသာထင်ရှားစွာ မပြောင်းလဲဘဲ တည်ငြိမ်ခဲ့သည်။

အလုပ်လက်မဲ့နှုန်းမှာ ၄ ဒသမ ၂ ရာခိုင်နှုန်းတွင် တန့်နေပြီး လုပ်ခလစာ အနည်းငယ်တိုးလာခဲ့ရာ ပျမ်းမျှလုပ်ခတန်ဖိုးမှာ ၁၅ ဆင့် (သို့မဟုတ် ၀ ဒသမ ၄ ရာခိုင်နှုန်း) တိုးလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

# စိုက် ပျိုး ရေး က ဏ္ဍ

## မိုင်းရယ်မြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်းခြင်း ဆောင်ရွက်



**မိုင်းရယ် ဇွန် ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၂၄-၂၀၂၅ ခုနှစ် နွေစပါးတစ်ဧကတင်း ၁၀၀ နှုန်း ထွက်ရှိရေး ၁၀ ဧက စံကွက်ရိတ်သိမ်းခြင်းကို ဇွန် ၅ ရက် နံနက် ၉ နာရီက နားခိုမြောက်ကွင်း၊ ကွင်းအမှတ်(၁၇)၊ ဦးပိုင်အမှတ်(၄)၊ တောင်သူဦးကိုက်ကျော်ပိုင် စံပြကွက်၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါ နွေစပါးစံကွက်ရိတ်သိမ်းရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး စံကွက်များကို ရိတ်သိမ်းရာ အောင်နိုင်တိုး(YSR-1) အမျိုးအစား တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း အစို ၁၅၂ ဒသမ ၃၄ တင်း၊ အခြောက် ၁၃၂ ဒသမ ၃၄ တင်း ထွက်ရှိကြောင်း သိရသည်။(အပေါ်ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

## မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၁၀၂၀ ဧက စိုက်ပျိုးမည်

**ပွင့်ဖြူ ဇွန် ၇**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ ငှက်ပျော ၁၀၂၀ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီတွင် ငှက်ပျော ၁၀၂၀ ဧက စိုက်ပျိုးရန် လျာထားပြီး စိုက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဇွန်လမှ စတင်၍ စက်တင်ဘာလအထိ စိုက်ပျိုးသွားမည်ဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ ငှက်ပျော ၁၀၂၀ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ သတ်မှတ်စိုက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ ယခု ဇွန်လထဲမှာ စတင်စိုက်ပျိုးသွားမှာ ဖြစ်ပါတယ်။ လက်ရှိမှာ ငှက်ပျောဈေးကွက်ကလည်း ကောင်းတာကြောင့် ငှက်ပျောစိုက်ပျိုးရေးက အခြေအနေကောင်းပါတယ်။ တချို့ တောင်သူတွေက ငှက်ပျောကို နှစ်သီးစားဝင်ငွေရရှိအောင် သီးထပ်သီးညှပ် စိုက်ပျိုးကြတာတွေ တွေ့လာရတယ်။ ထွက်ရှိလာမယ့် ငှက်ပျောတွေကိုလည်း အရည်အသွေးကောင်းမွန်အောင်လိုအပ်တဲ့ နည်းပညာတွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးသွားပါမယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။ (အပေါ်ယာပုံ)

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ငှက်ပျောစိုက်ပျိုးတောင်သူများအနေဖြင့် လျာထားစိုက်ဧကပြည့်မီရေးနှင့် တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းများ ကောင်းမွန်စေရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၄၄၅)

## ယခုနှစ် မိုးရာသီတွင် နေကြာ ၁၉၈၉ ဧက လျာထားစိုက်ပျိုးမည်

**ရေနံချောင်း ဇွန် ၇**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်၌ ယခုနှစ်မိုးရာသီတွင် နေကြာ ၁၉၈၉ ဧက လျာထားစိုက်ပျိုးမည် ဖြစ်သည်။

ရေနံချောင်းမြို့နယ်ရှိ ကျေးရွာအုပ်စု(၂၉)အုပ်စုမှ ကျေးရွာအချို့တွင် နေကြာကို မိုးရာသီနှင့် ဆောင်းရာသီ၌ ယာမြေနှင့် ကိုင်းမြေများတွင် ထွန်ယက်စိုက်ပျိုးလုပ်ကိုင်နေကြသည်။ ယခင်နှစ်မိုးရာသီတွင် နေကြာကို အဓိကထားစိုက်ပျိုးခဲ့ရာ တစ်ဧကလျှင် ၇ ဒသမ ၃၃ တင်း ထွက်ရှိခဲ့ပြီး နေကြာဈေးကောင်း၍ တွက်ခြေကိုက်ခဲ့သဖြင့် ယခုနှစ်စိုက်ပျိုးမည်ဖြစ်ကြောင်း ရေနံချောင်းမြို့နယ်ရှိ တောင်သူတစ်ဦးက ပြောသည်။

ယခင်နှစ်မိုးရာသီတွင် နေကြာ ၁၄၇၇ ဧက လျာထားလုပ်ကိုင်ခဲ့ရာ နေကြာ ၁၉၈၉ ဧက စိုက်ပျိုးပြီးစီးပြီး နေကြာဧက ၁၉၈၉ ရိတ်သိမ်းပြီးကာ တစ်ဧက ၇ ဒသမ ၃၃ တင်း ထွက်ရှိကြောင်း ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၄၇၂)



## ကျွန်းလှမြို့နယ်၌ မိုးရာသီ သီးနှံစုံ ဧက ၇၆၀၀၀ ကျော် လျာထားစိုက်ပျိုးမည်

**ကျွန်းလှ ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများသည် မိုးကောင်းသောက်ဖြစ်သော်လည်း ယခုနှစ် မိုးရာသီ သီးနှံစုံ ဧက ၇၆၀၀၀ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကျွန်းလှမြို့နယ်မှာ ဒီနှစ် မိုးရာသီ သီးနှံစုံစိုက်ပျိုးဖို့ ၇၆၉၇၈ ဧက လျာထားပါတယ်။ အခုအခါ တောင်သူတွေ မေလက စတင်ပြီး မြေပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ အစေ့ထုတ်ပြောင်းနဲ့ ဟင်းသီးဟင်းရွက်သီးနှံများ စိုက်ပျိုးနေကြပါတယ်။ စပါးစိုက်ပျိုးဖို့ ပျိုးထောင်ရန်နဲ့ လယ်မြေများ ထွန်ယက်ပြင်ဆင်နေကြပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

အဆိုပါ မိုးသီးနှံစိုက်ပျိုးသည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်နှင့် စပါးပျိုးထောင်နည်းစနစ်မှန်ကန်ရေး၊ သိပ္ပံနည်းကျစနစ် လိုက်နာကျင့်သုံးရေး စသည့် စိုက်ပျိုးရေးဆိုင်ရာများ ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၄၀၉၇ ဧက၊ ပဲမျိုးစုံ ၁၆၉၅၃ ဧက၊ ဆီထွက်သီးနှံ ၇၃၁၄ ဧက၊ ဝါ ၁၀၅ ဧက၊ အခြားသီးနှံ ၁၆၉၆၀ ဧက၊ နှစ်ရှည်ပင် ၁၅၄၉ ဧက၊ စုစုပေါင်း ၇၆၉၇၈ ဧက စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

(အောက်ပုံ) (၄၈၀)



## တောင်သူစိုက်ပျိုးနည်းပညာပေး ဆွေးနွေးပွဲ ကျင်းပ

**မြစ်သား ဇွန် ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနမှ မိုးသီးနှံ၊ မိုးစပါး စိုက်ပျိုးမည့် တောင်သူများ မျိုးကောင်းမျိုးသန့် သုံးစွဲနိုင်ရေး၊ မြေဆီဩဇာ ထက်သန်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ပန်းတိုင်အထွက်နှုန်း ရရှိစေရန်အတွက် မိုးသီးနှံ၊ မိုးစပါး စိုက်ပျိုးမည့် တောင်သူများအား တောင်သူစိုက်ပျိုးနည်းပညာပေးဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျောင်းပန်းကုန်းကျေးရွာအုပ်စု၊ ထနောင်းကုန်းကျေးရွာ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ငြိမ်းထွေးက မိုးသီးနှံ၊ မိုးစပါး စိုက်ပျိုးမည့် တောင်သူများ အကျိုးဖြစ်ထွန်းစေရေးနှင့် မိုးသီးနှံ၊ မိုးစပါးများကို အဓိကစိုက်ပျိုးသွားမှာဖြစ်ပြီး ယမန်နှစ်ထက် မိုးစပါးကို တိုးမြှင့်စိုက်ပျိုးသွားမှာဖြစ်ကြောင်း၊ မိုးသီးနှံ၊ မိုးစပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ဝါစိုက်ပျိုးမည့် တောင်သူများ မျိုးကောင်းမျိုးသန့် သုံးစွဲနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊ မြေဆီဩဇာထက်သန်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် လိုက်နာရမည့် နည်းစနစ်များကို ပညာပေးဆွေးနွေးခဲ့သည်။

ဆက်လက်၍ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ မြေ၊ မျိုး၊ ပိုး တာဝန်ခံများက မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း၊ မျိုးစေ့အရည်အသွေး ထိန်းသိမ်းရေးလုပ်ငန်း၊ စိုက်ပျိုးသီးနှံများတွင် ကျရောက်တတ်သော ဖျက်ပိုးများ၏ အလေ့အထနှင့် ကာကွယ်နှိမ်နင်းနည်းများ၊ သီးနှံအထွက်တိုးနည်းပညာများကို အသီးသီး ပညာပေးဆွေးနွေးခဲ့သည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်က ယခုလို ပညာပေးဆွေးနွေး ဆောင်ရွက်ခြင်းဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ပြီး စိုက်ပျိုးသီးနှံများ တစ်ဧက အထွက်နှုန်းတိုးတက်လာပြီး ပန်းတိုင်အထွက်နှုန်း ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း အကျယ်တဝင့် ဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဒေသခံတောင်သူ ၇၃ ဦး တက်ရောက်ခဲ့ကြပြီး တောင်သူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြရာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ငြိမ်းထွေးနှင့် ဝန်ထမ်းများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ရွက်ဖျန်းမြေဩဇာနှင့် အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**သီတာအောင်(မြစ်သား)**





## ၂၀၂၅ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကြီး စတင်ကျင်းပ

**ပင်းတယ ဇွန် ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ မြို့နယ်ဓမ္မာရုံကြီး၌ ၁၃၈၇(၂၀၂၅)ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကြီးအား ဇွန် ၆ ရက် မွန်းတည့် ၁၂ နာရီမှ ၃ နာရီအထိ စတင်ကျင်းပလျက်ရှိသည်။

အဆိုပါ အစိုးရပါဠိပထမပြန်စာမေးပွဲကြီးသို့ ဓနုဒေသ ပင်းတယမြို့နယ် ဘုန်းတော်ကြီးကျောင်းစာသင်တိုက်များမှ လာရောက်ဖြေဆိုရန် စာရင်းရှိ ပထမကြီးတန်း သံဃာတော် ၁၂ပါး၊ ပထမလတ်တန်း သံဃာတော် ၁၆ပါး၊ ပထမငယ်တန်း သံဃာတော်၈၄ပါး၊ အခြေပြုမူလ ၁၃၃ ပါး၊ စုစုပေါင်း ၂၄၅ ပါးရှိပြီး ယနေ့ စာမေးပွဲကြီးသို့ လာရောက်ဖြေဆိုတော်မူကြသည့် သံဃာတော် ၁၈၃ပါး၊ ပျက်ကွက် ၆၂ ပါး ရှိသည်။

ယနေ့စတင်ကျင်းပသည့် စာမေးပွဲကြီးအား ဇွန် ၁၀ရက်အထိ ကျင်းပပေးသွားမည်ဖြစ်ကြောင်းနှင့် ဇွန် ၁၅ ရက်တွင် ၁၃၈၇ ခု အစိုးရပါဠိပထမပြန်စာမေးပွဲကြီး၏ စူဠဘွဲ့နှင်းသဘင်အခမ်းအနားကြီးအား စည်ကားသိုက်မြိုက်စွာ ကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၃၈)

## စစ်ကိုင်းတံတား(အင်းဝ)ရှင်းလင်းဖယ်ရှားရေးလုပ်ငန်းများ ဆောင်ရွက်နေသဖြင့် ရေယာဉ်များအန္တရာယ်ကင်း ရေလမ်းသတိပေးချက်အတိုင်း လိုက်နာရန်လို

**မန္တလေး ဇွန် ၇**

ဧရာဝတီမြစ်ကူးတံတားဖြစ်သည့် စစ်ကိုင်းတံတား(အင်းဝ)သည် မန္တလေးငလျင်ကြီးကြောင့် ကျိုးကျပျက်စီးမှုရှိခဲ့သဖြင့် ရှင်းလင်းဖယ်ရှားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် ရေယာဉ်များ အန္တရာယ်ကင်းရှင်းရေးအတွက် မန္တလေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးချက်များကို လိုက်နာကြရန်လိုသည်။



ငလျင်ကြောင့် ကျိုးကျပျက်စီးခဲ့သည့် စစ်ကိုင်းတံတား(အင်းဝ)ခုံးတံတားများအနက် ခုံးတံတားအမှတ်(၄)နှင့် အမှတ်(၅)တို့ကို စက်ယန္တရားကြီးများနှင့် ရေယာဉ်ကြီးများဖြင့် ရှင်းလင်းဖယ်ရှားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် ရေယာဉ်များ ဘေးကင်းစေရေးအတွက် ရေလမ်းသတိပေးချက်ထုတ်ပြန်ထားသည်ဟု ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"တံတားမှာ ရှင်းလင်းဖယ်ရှားရေးလုပ်ငန်းတွေကို နေ့စဉ်နံနက် ၈ နာရီမှ ၁၂ နာရီအထိ တစ်ကြိမ်၊ ၁၂ နာရီမှ ညနေ ၆ နာရီအထိ တစ်ကြိမ်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ရေလမ်းအသုံးပြုရေယာဉ်တွေ အနေနဲ့ အဲ့ဒီအချိန်အတွင်းမှာ ခုတ်မောင်းသွားလာခြင်းမပြုဘဲ ဘေးကင်းရာမှာ ရပ်နားစောင့်ဆိုင်းရမှာပါ။ လုပ်ငန်းခွင် ရပ်နားချိန်မှသာ ဖြတ်သန်းသွားရမှာ ဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါတံတားတွင် ငလျင်ဒဏ်ကြောင့် ခုံးတံတားအမှတ်(၆)၊ ခုံးတံတားအမှတ်(၉)နှင့် ခုံးတံတားအမှတ်(၁၀)တို့သာ ကျန်ရစ်ခဲ့ပြီး ရေလည်တိုင် (၅)နှင့် (၆)အကြားရှိ ခုံးတံတားအမှတ်(၆)ကို အစုန်၊ အဆန်ဝင်ပေါက်အဖြစ် ယာယီသတ်မှတ်ပေးထားကြောင်း၊ ငလျင်ဒဏ်သင့်ထားသည့် ခုံးတံတားအမှတ်(၆)အောက်မှ ဖြတ်သန်းသည့်အခါ အထူးဂရုပြုသွားလာ ခုတ်မောင်းကြရမည် ဖြစ်သည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစ်ချောင်းများတွင် ခုတ်မောင်းသွားလာကြသော ရေယာဉ်များအတွက် ရေနည်းချိန်နှင့် ရေများချိန်များတွင် ရေလမ်းညွှန်အမှတ်အသားများ စိုက်ထူအသိပေးခြင်း၊ ကမ်းနီး၊ ကမ်းဝေး အမှတ်အသားများပြသ၍ သတိပေးခြင်း၊ မြစ်ကူးတံတားများတွင် တံတားအောက်မှ ဖြတ်သန်းခုတ်မောင်းရမည့်နေရာများတွင် အမှတ်အသားများအသိပေးခြင်း စသည်ဖြင့် ရေယာဉ်များ ဘေးကင်းစွာ ခုတ်မောင်းသွားလာနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၉)



## လိုင်စင်မဲ့မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်

**တောင်တွင်းကြီး ဇွန် ၇**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှု ရှိ၊ မရှိ စစ်ဆေးခြင်းကို ဇွန် ၁ရက်မှ စတင်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ဇွန် ၆ရက် နံနက်ပိုင်းတွင်လည်း တောင်တွင်းကြီးမြို့ မြို့နယ်လမ်းစုံနှင့် မြို့အဝင်၊ အထွက်ဂိတ်များတွင် သက်ဆိုင်ရာအဖွဲ့များဖြင့် ပူးပေါင်းစစ်ဆေးဆောင်ရွက်ခဲ့ကြသည်။

ထိုသို့စစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲမြင့် ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်း၍ မော်တော်ယာဉ်များအား လိုင်စင်၊ ယာဉ်မောင်းလိုင်စင်နှင့် သတ်မှတ်ထားသည့် စည်းကမ်းချက်များပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ လိုင်စင်မဲ့မော်တော်ယာဉ်များ ဖြတ်သန်းသွားလာပါက ဖမ်းဆီးအရေးယူဆောင်ရွက်နိုင်ရေးအတွက် ခရီးသည်တင်ယာဉ်၊ ကုန်တင်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များအား စစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

နောင်နောင်(ဗိဿနိုးမြေ)

*-*-*-*-*-*

## မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသည့် လျှပ်စစ်မီတာများကို နိုင်ငံတော်မှ အခမဲ့ ပြန်လည်တပ်ဆင်ပေးသွားမည်

**မန္တလေး ဇွန် ၇**

မတ် ၂၈ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသည့် လျှပ်စစ်မီတာများကို နိုင်ငံတော်မှ အခမဲ့ပြန်လည်တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ သိရသည်။

မန္တလေးငလျင်ကြီးကြောင့် ပြိုကျပျက်စီးသွားသော အဆောက်အအုံများရှိ မီတာများကို မီတာခများ ကောက်ခံခြင်းနှင့် မီတာဘောလ်ထွက်ထားခြင်းလည်း မရှိသလို ပျက်စီးသွားသည့် လျှပ်စစ်မီတာများကို အခမဲ့ပြန်လည်တပ်ဆင်ပေးသွားမည်ဟု မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မီးသုံးသူပယောဂမပါဘဲ သဘာဝဘေး၊ ရေဘေး၊ မီးဘေး (ကူးစက်လောင်)အန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသွားသော မီတာ (သို့မဟုတ်) ပုံးခွံ(သို့မဟုတ်) Breaker များသည် ပျက်စီးဆုံးရှုံးပါက အစားထိုးတပ်ဆင်ခအား ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူတစ်ဦးက ပြောသည်။

မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ပျက်စီးမှုရှိခဲ့သည့်အပြင် လျှပ်စစ်မီတာ အများအပြားပျက်စီးမှုရှိခဲ့ပြီး မန္တလေးတိုင်းအတွင်း မီတာအလုံးရေပေါင်း ၁၂ သိန်းနီးပါး တပ်ဆင်ထားရှိရာ ငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးသွားသည့် မီတာများကို စာရင်းကောက်ယူခဲ့ရာ မီတာအလုံးရေ ၆၀၀၀ကျော် ပျက်စီးမှုရှိခဲ့သည်။

လက်ရှိအချိန်မှာ မန္တလေးတိုင်းအတွင်း လျှပ်စစ်ဓာတ်အားဆက်လက်ဖြန့်ဖြူးပေးနေပြီး နေအိမ်၊ အဆောက်အအုံပြိုကျပျက်စီးခြင်းလည်းမရှိ၊ မီတာပျက်စီးခြင်းလည်းမရှိသည့် မီတာများကို လျှပ်စစ်ဓာတ်အား ဆက်လက်ပေးထားသည့်အတွက် သုံးစွဲမှုများရှိပါက ပုံမှန်အတိုင်းမီတာခများကို ပေးဆောင်ရမည်ဖြစ်သည်။

လျှပ်စစ်မီး သုံးစွဲသူများအနေဖြင့် မိမိတို့၏နေအိမ်အဆောက်အအုံမှာ တပ်ဆင်ထားသည့် မီတာများ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးသွားမှုတွင်ပါရှိပါက မိမိတို့၏ သက်ဆိုင်ရာလျှပ်စစ်ရုံးများသို့ အသိပေးအကြောင်းကြားရန် နှိုးဆော်ထားကြောင်း သိရသည်။



(အောက်ပုံ)

(မန္တလေးနေ့စဉ်-၅)

*-*-*-*-*-*

*-*-*-*-*-*-*

❖ စိုက်ပျိုးရေးလုပ်ငန်းများ၌လည်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ခြင်း၊ သီးထပ်စွမ်းအားတိုးမြှင့်ခြင်း၊ စိုက်ဧကတိုးချဲ့ခြင်းဟူသည့် နည်းလမ်း ၃ သွယ်ဖြင့် အထွက်နှုန်းတိုးမြှင့်အောင်ဆောင်ရွက်နိုင်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ပြုလုပ်သော ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်၊ ကောလိပ်ပညာသင်စရိတ် ထောက်ပံ့ခြင်းနှင့် အခြေခံပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် ဗလာစာအုပ် ထောက်ပံ့ပေးအပ်ပွဲကျင်းပ

နေပြည်တော် ဇွန် ၇

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်၊ ကောလိပ်နှင့်အခြေခံပညာမူလတန်းမှ အထက်တန်းအဆင့်ကျောင်းများသို့ တက်ရောက်ပညာသင်ကြားလျက်ရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများ၏ သားသမီးများ ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပသည်။ (အောက်ပုံ)






အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် ဖြိုးသန့်နှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဇနီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများနှင့် ယင်းတို့၏ဇနီးများ၊ ဝန်ကြီးရုံးနှင့်ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသား ကျောင်းသူများ၏ မိဘဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာမူလတန်းအဆင့်မှ အထက်တန်းအဆင့်ကျောင်းများသို့ တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းဖြင့် ၎င်းတို့ ပညာသင်ကြားရာ၌ တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ကောင်းဖြစ်စေရေးအတွက် နှစ်စဉ်အလေးထားကာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုလို ထောက်ပံ့ပေးအပ်ချီးမြှင့်ခြင်းကို တန်ဖိုးထားနားလည်ပြီး မိမိတို့၏ အနာဂတ်တောက်ပနိုင်စေရေးအတွက် အသိပညာများ၊ အတတ်ပညာများကို စဉ်ဆက်မပြတ် လေ့လာဆည်းပူး ကြိုးစားသွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အသိပညာ၊ ဗဟုသုတနှင့် အတွေးအခေါ်ကောင်းများရရှိစေရန် ကျောင်းသင်ခန်းစာများအပြင် သုတ၊ ရသအစုံ စာပေများကို ဖတ်ရှုလေ့လာပြီး ပညာနှင့်အတွေးအခေါ်ကောင်းများပေါင်းစပ်၍ နိုင်ငံ့အကျိုးသယ်ပိုးဆောင်ရွက်နိုင်မည့် ဗလငါးတန်နှင့်ပြည့်စုံသည့် နိုင်ငံ့သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်အောင် ကြိုးစားအားထုတ်သွားကြရန်နှင့် မိဘများအနေဖြင့်လည်း မိမိတို့ သားသမီးများအား ကောင်းမွန်တည့်မတ်မှန်ကန်သည့် စိတ်ဓာတ်များဖြင့် အကျင့်စာရိတ္တကောင်းမွန်မြင့်မားသော ပညာတတ်များဖြစ်လာစေရေးအတွက် ပြုစုပျိုးထောင်ပေးစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး၊ ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့်ဇနီးတို့က ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာမူလတန်းအဆင့်မှ အထက်တန်းအဆင့်အထိ တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူ ၁၅၀၄ ဦးတို့အတွက် ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များပေးအပ်ကာ ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိဘများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဒဂုံစတားယူနိုက်တက်(ယူ-၂၁)အသင်းကို ဂိုးပြတ်အနိုင်ယူပြီး အမှတ်ပေးဇယားကို ပြန်လည်ဦးဆောင်ခဲ့သည့် ရန်ကုန်ယူနိုက်တက်(ယူ-၂၁)အသင်း




**ရန်ကုန် ဇွန် ၇**

ရန်ကုန်ယူနိုက်တက် (ယူ-၂၁) အသင်း၏ MNL (U-21) Youth League ပွဲစဉ်(၇)အဖြစ် တက္ကသိုလ်ဘောလုံးကွင်းတွင် ဒဂုံစတားယူနိုက်တက်(ယူ-၂၁) အသင်းနှင့်ယှဉ်ပြိုင်ကစားခဲ့ပြီး ရန်ကုန်ယူနိုက်တက်(ယူ-၂၁) အသင်းက ၄ ဂိုး၊ ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယနေ့ပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက် လူငယ်အသင်းသည် တစ်ပွဲလုံး ပြိုင်ဘက်အသင်းကို ဖိဖိစီးစီး ကစားနိုင်ခဲ့ပြီး ပွဲစဉ်ပထမပိုင်းတွင် ဦးဆောင်ဂိုး (၂)ဂိုး ရရှိခဲ့သည်။ ရန်ကုန်ယူနိုက်တက် လူငယ်အသင်းအတွက် ပထမဦးဆောင်ဂိုးကို ပွဲချိန်(၁၄)မိနစ်တွင် ပြိုင်ဘက်ဂိုးသမားလက်ထဲမှ ပြန်လျှံထွက်လာသည့် ဘောလုံးကို လမင်းပြည့်စုံက ကန်သွင်းအဆုံးသတ်ပေးခဲ့သည်။ ထို့နောက် ပြိုင်ဆိုင်မှုပြင်းထန်လာခဲ့ပြီး ရန်ကုန်ယူနိုက်တက်လူငယ်အသင်းမှ ဒုတိယဦးဆောင်ဂိုး ထပ်မံရရှိခဲ့ကာ မောင်တော့က ဂိုးဧရိယာထိပ်ကနေ ဘယ်ခြေဖြင့် လှလှပပ ဝှေ့ဝိုက်ကန်သွင်းယူနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် ရန်ကုန်ယူနိုက်တက်လူငယ်အသင်းမှ ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန်(၅၁)မိနစ်နှင့်(၅၂)မိနစ်တို့ တတိယဂိုးနှင့် စတုတ္ထဂိုးများကို လျင်လျင်မြန်မြန် သွင်းယူခဲ့ပြီး ဇော်ဘိုထွဋ်နှင့် ကောင်းခန့်ကျော်တို့က သွင်းယူပေးခဲ့သည်။ ဦးဆောင်ဂိုး(၄)ဂိုးရရှိပြီးချိန်တွင် ရန်ကုန်ယူနိုက်တက်လူငယ်အသင်းမှ တိုက်စစ်အားချကာ ပွဲကို ထိန်းကစားခဲ့သည်။ ဒဂုံစတားယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးအား ခိုင်မြွေကျော်က ပွဲချိန်မိနစ်(၈၀)တွင် သွင်းယူပေးခဲ့သည်။

ရန်ကုန်ယူနိုက်တက်(ယူ-၂၁)အသင်းသည် လက်ရှိတွင် (၇) ပွဲကစား၊ (၆) ပွဲနိုင်၊ (၁)ပွဲရှုံး၊ ရမှတ်(၁၈)မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားပြီး လာမည့် ဇွန် ၁၃ ရက်တွင် ရာမညယူနိုက်တက်(ယူ-၂၁) အသင်းနှင့် ပဒုမ္မာကွင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

(NGB)